ကြေးမုံ
The Mirror
၁၃ဖြဲ့ ခုနှစ်၊ နယုန်လကွယ်၊ ကြာသပတေးနေ့၊ (14-6-2007) (၅၃၄၈)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်
* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်
* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်
* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်အကြီးအကဲက ခြံစည်းရိုးကြက်ဆူစိုက်ပျိုးရေးကို ၂၀၀၆ခုနှစ်မှစ၍ သုံးနှစ်အတွင်း ပြည်နယ်နှင့်တိုင်းတစ်ခုစီ၌ ကေဒါးသိန်းစီစိုက်ရန် လမ်းညွှန်မှာကြား

ဘိုင်အိုဒီဇယ်ထုတ်ယူရရှိသည့် ခြံစည်းရိုးကြက်ဆူကို အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်စိုက်ပျိုး

နေပြည်တော် ဇွန် ၁၃

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် ဇွန် ၁၁ ရက် နံနက်ပိုင်းတွင် နေပြည်တော်မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြရာ နံနက် ၁၁ နာရီခွဲတွင် မိတ္ထီလာ–တောင်ကြီးကားလမ်း မန္တလေးတိုင်းနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)နယ်စပ်ရှိ နန့်ပန်တက်ရိပ်သာသို့ ရောက်ရှိကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး၊ ကလောတပ်နယ်မှ ဗိုလ်မှူးချုပ်ကျော်ဖြိုးတို့ လိုက်ပါလျက် မိတ္ထီလာ–တောင်ကြီးကားလမ်း နန့်ပန်တက်–ကလောလမ်းတစ်လျှောက် လမ်းပန်းဆက်သွယ်ရေး အခြေအနေများကိုလည်းကောင်း၊ ကလောမြို့နယ်အတွင်းရှိ ဝက်ဖြူရေသစ်တောကြိုးဝိုင်း၊ ကလောသစ်တောကြိုးဝိုင်းများနှင့် မကွေ့သစ်တောကြိုးဝိုင်း တို့၌ သဘာဝသစ်တောများထိန်းသိမ်းထားရှိမှုကိုလည်းကောင်း၊ သစ်တောကြိုးဝိုင်းများအတွင်း ကျွန်းစိုက်ခင်းများ ထူထောင်ထားရှိမှုကိုလည်းကောင်း လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေး၍ ထွက်ခွာခဲ့ကြရာ မွန်းလွဲ ၁၂နာရီ ၄၅မိနစ်တွင် ကလောမြို့သို့ ရောက်ရှိကြသည်။ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ✪

ကြေးမုံ
The Mirror
ဆောင်းပါး
အညွှန်း

"ဒီကနေ့ တို့နိုင်ငံအတွင်းအပြင်က မင်းတို့လို ဒီမိုကရေစီရေးလှုပ်ရှားသူတွေကို ပေးကမ်းထောက်ပံ့မှုတွေ လုပ်ပေးနေတဲ့ ပြည်ပက အမည်အမျိုးမျိုးခံ အဖွဲ့အစည်းတွေဟာ Soros Foundation နဲ့ တိုက်ရိုက်တစ်မျိုး၊ သွယ်ဝိုက်တစ်နည်း ပတ်သက်နေတယ်။ အထူးသဖြင့် ခြေတံလက်တံရှည်လွန်းတဲ့ Open Society Institute(OSI) အဖွဲ့ဟာမြန်မာပြည်ဖျက်စီမံကိန်းအတွက် Soros Foundation ရဲ့ တိုက်ရိုက်ထောက်ပံ့မှုရရှိထားတဲ့ အဖွဲ့ပဲ"
ဝဏ္ဏမင်းခေါင်၏ **"အချိန်မီပါသေးတယ်"**(ဆောင်းပါး) စာမျက်နှာ–၈၊၉

အမှာစကားပြောကြား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း တောင်ကြီးခရိုင် ကလောမြို့နယ်၏ ၂၀၀၇ ခုနှစ် ခြံစည်းရိုးကြက်ဆူ စိုက်ပျိုးမွေ့တွင် အမှာစကားပြောကြား စဉ်။ (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးဟူသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၁၄-၆-၂၀၀၇
(ကြာသပတေးနေ့)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပြည်ပဈေးကွက်ဝင် ကော်ဘာ စီးပွားဖြစ် တိုးချဲ့စိုက်ပျိုး

မြန်မာနိုင်ငံ၏ ရေမြေရာသီဥတုသည် သီးနှံစုံ စိုက်ပျိုးဖြစ်ထွန်းနိုင်သည်။ ကော်ဘာသည် အဓိက စက်မှုကုန်ကြမ်း သီးနှံများတွင် ပါဝင်ပြီး စီးပွားဖြစ် စိုက်ပျိုးသင့်သော နှစ်ရှည်ပင်ဖြစ်သည်။

ကော်ဘာစိုက်ပျိုးရေးလုပ်ငန်းကို မွန်ပြည်နယ်၌ နှစ်ပေါင်းများစွာ ကပင် လုပ်ကိုင်လာခဲ့ကြသည်။ ဒေသ၏ ရေမြေသဘာဝ အခြေအနေ ပေးမှုနှင့် ရာသီဥတုကောင်းမွန်မှုကြောင့် တစ်နိုင်ငံလုံးတွင် ကော်ဘာ အများဆုံး စိုက်ပျိုးထုတ်လုပ်နေသော ဒေသဖြစ်သည်။ ယခုအခါ ပုဂ္ဂလိက ကော်ဘာစိုက်တောင်သူများနှင့် တိုင်းရင်းသား စီးပွားရေး လုပ်ငန်းရှင်များကပါ မွန်ပြည်နယ်တစ်ခုလုံး၌ အင်တိုက် အားတိုက် စိုက်ပျိုးလျက်ရှိကြောင်း တွေ့ရသည်။

မွန်ပြည်နယ်အပြင် တနင်္သာရီတိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင်လည်း ကော်ဘာစိုက်ပျိုးဖြစ်ထွန်းနိုင်သည့် ရေ၊ မြေ၊ ရာသီဥတုရှိသဖြင့် စီးပွားဖြစ် စိုက်ပျိုးနိုင်ရေး ဒေသအလိုက် ကြိုးပမ်း လျက်ရှိသည်။

၂၀၀၆-၂၀၀၇ ခုနှစ်က ပြည်နယ်နှင့်တိုင်းအသီးသီးတွင် ကော်ဘာ ဧက ခုနှစ်သိန်းကျော် စိုက်ပျိုးခဲ့သည်။ ယခု ၂၀၀၇-၂၀၀၈ ခုနှစ် တွင် ကော်ဘာဧက နှစ်သိန်းကျော် ထပ်မံတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

ယခုအခါ နိုင်ငံတကာ၌ ကော်ဘာဈေးကွက် တွင်ကျယ်ပျံ့နှံ့လာ လျက်ရှိသည်။ စက်မှုကုန်ကြမ်း ကော်ဘာနှင့်ဓာတုပစ္စည်းများ ပေါင်း စပ်ပြီး လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်၍ တွင်တွင်ကျယ်ကျယ် ရောင်းချလျက် ရှိသည်။

မြန်မာ့ကော်ဘာများကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ စင်ကာပူနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် ပါကစ္စတန် နိုင်ငံတို့သို့ တင်ပို့လျက်ရှိသည်။ ယနေ့ကာလတွင် နိုင်ငံတော်က စိုက်ပျိုးရေးကဏ္ဍ ထုတ်လုပ်မှု မြင့်မားလာရေးအတွက် အဘက်ဘက်က အားပေးကူညီလျက်ရှိရာ တောင်သူလယ်သမားများနှင့် တိုင်းရင်းသား စိုက်ပျိုးရေးလုပ်ငန်းရှင်များက ပြည်ပဈေးကွက်ဝင် ကော်ဘာများကို စီးပွားဖြစ် တိုးချဲ့စိုက်ပျိုးကြခြင်းဖြင့် နိုင်ငံတော်အတွက်သာမက စိုက်ပျိုးသူများလည်း ဝင်ငွေတိုး၊ အကျိုးစီးပွား ပိုမိုဖြစ်ထွန်းလာမည် ဖြစ်ပါသည်။ ။

ရေခဲနေရောင်ခြည်မွန်းရေး လုပ်ငန်းများ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၁၃

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် တွဲဖက်အတွင်းရေးမှူး ဦးအောင်သန်းဝင်း၊ ကော်မတီဝင်များနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ဇွန် ၁၁ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့တွင်း ရေစီးရေလာကောင်းမွန်ရေးနှင့် ယာဉ်သွားလာမှု လွယ်ကူချောမွေ့စေရေးတို့အတွက် အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)က စက်ယန္တရားတို့ဖြင့် ခွဲခြမ်းစိတ်ဖြာဆောင်ရွက်လျက်ရှိသော လုပ်ငန်းအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ကြည့်ရှုစစ်ဆေး

ရှေးဦးစွာ မြို့တော်ဝန်သည် နံနက် ၆ နာရီခွဲတွင် သဃ်န်းကျွန်းမြို့နယ် သံသုမာလမ်းနှင့် ဝေဖယန္တာလမ်းဆုံအနီး ဝေဖယန္တာလမ်းသို့ ရောက်ရှိပြီး မိုးရာသီလမ်းများပေါ် ရေလျှံမှု မရှိစေရေးအတွက် ရေထိန်းသိမ်းထားနိုင် ရန် စက်ယန္တရားတို့ဖြင့် မြေသားကန့် တိုးချဲ့တူးဖော်နေမှု၊ ရေနုတ်မြောင်းများ ရေစီးရေလာ ကောင်းမွန်စေရေးအတွက် တိုးချဲ့တူးဖော် ဖောက်လုပ်ထားရှိမှု၊ သုဝဏ္ဏ(၂၃)ရပ်ကွက်အတွင်းရှိ ရေနုတ်မြောင်းများ ရေစီးရေလာ ကောင်းမွန်စေရေးအတွက် ရေနုတ်မြောင်းများ ပြုလုပ်နေမှု၊ ဝေဖယန္တာလမ်း ယာဉ်သွားလာမှု လွယ်ကူချောမွေ့စေရေးအတွက် စက်ယန္တရားတို့ဖြင့် အကြီးစားပြုပြင် ထိန်းသိမ်းနေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

မှာကြား

ဆက်လက်၍ မြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် လေးထောင့်ကန်လမ်းနှင့် ဝေဖယန္တာလမ်းဆုံအနီး ဝေဖယန္တာလမ်း ၀၊ ယာ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရေးအတွက် တိုးချဲ့ဖောက်လုပ်နေမှု၊ အမှိုက်နှင့်နုန်းများ ဆယ်ယူရှင်းလင်းနေမှုကို လိုက်လံကြည့်ရှုစစ်ဆေးပြီး မြို့တော်ဝန်က လုပ်ငန်းများ စနစ်တကျ ဆောင်ရွက်ကြရန် တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် မြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် သဃ်န်းကျွန်းမြို့နယ် လေးထောင့်ကန်လမ်းနှင့် တောင်ဥက္ကလာပမြို့နယ်၊ သံသုမာလမ်းနှင့် သစ္စာလမ်းဆုံအနီး သစ္စာလမ်းကို လူအား/ စက်ယန္တရားတို့ဖြင့်အကြီးစား ပြုပြင်ထိန်းသိမ်းနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မြို့တော်ဝန်နှင့်တာဝန်ရှိသူများသည် မြောက်ဥက္ကလာပမြို့နယ် (၈)ရပ်ကွက်၌ မိုးရာသီ ငပိုးမိပ်ချောင်း ရေလျှံဝင်ရောက်မှု မရှိစေရေးအတွက် မြို့နယ် ပြည်ထောင်စုကြိုခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမူးဆောင်ရွက် လျက်ရှိသော မြေသားတာတမံ တည် ဆောက်နေမှုလုပ်ငန်းခွင်သို့ ရောက်ရှိပြီး ကြည့်ရှုအားပေးသည်။ (၁၉)

ကြည့်ရှုစစ်ဆေး

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း သဃ်န်းကျွန်းမြို့နယ် သံသုမာလမ်းနှင့် ဝေဖယန္တာလမ်းဆုံ၌ မိုးရာသီတွင် လမ်းများပေါ်၌ ရေလျှံမှုမရှိစေရန် စက်ယန္တရားဖြင့် ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (၁၉)

ခေတ္တရာအသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းကပ်မည်

ရန်ကုန် ဇွန် ၁၃

ခေတ္တရာအသင်း (ရန်ကုန်)၏ ဝါဆိုသင်္ကန်း ကပ်လှူပူဇော်ပွဲကို ဇူလိုင် ၈ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ရွှေတိဂုံစေတီတော် အရှေ့ ဘက်ဓာတ်လှေကားအနီးရှိ ခေတ္တရာအသင်းဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ ပြည်ခရိုင် အသင်းသူ၊ အသင်းသားများ မိသားစုနှင့်တကွ တက်ရောက်ကြပါရန် ဖိတ်ကြား ထားသည်။ လှူဒါန်းလိုသူများသည် ဦးသန်းထွန်း ဖုန်း-၃၇၄၅၃၁၊ ဦးဌေးအောင် ဖုန်း-၅၃၀၆၇၄၊ ဦးဘိုနီ ဖုန်း- ၇၀၉၀၄၅၅၊ ဒုတိယဗိုလ်မှူးကြီးဝင်းမြင့်(ငြိမ်း) ဖုန်း-၅၂၆၃၄၃၊ ဦးဝင်းမော် ဖုန်း-၂၄၂၁၃၈နှင့် ဒေါ်ဥမ္မာသန်း ဖုန်း-၂၄၉၀၉၂ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

အဘိဓမ္မာ ခုနစ်ကျမ်း ရွတ်ဆိုပူဇော်မည်

ရန်ကုန် ဇွန် ၁၃

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် ကျွန်းတောလမ်း သမိဒ္ဓါဒယသုခိတာရာမ ဒေါ်ဉာဏာစာရီ မြန်နေအောင်သီလရှင်စာသင်တိုက်ကြီး၌ ဇွန် ၁၅ ရက် (သောကြာနေ့) နံနက် ၈ နာရီမှစ၍ အဘိဓမ္မာခုနစ်ကျမ်းရွတ်ဆိုပူဇော်ပြီး ဇွန် ၂၃ ရက် (စနေနေ့) မွန်းလွဲ ၂ နာရီ၌ အဘိဓမ္မာခုနစ်ကျမ်းအောင်ပွဲ၊ ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် ဝါဆိုဝတ်စုံ လှူဒါန်းပွဲ အခမ်းအနားကို ကျင်းပမည်ဖြစ်ပါ၍ အလှူရှင်များ ကိုယ်တိုင် ကြွရောက်ကြည်ညိုကြပါရန် ဖိတ်ကြားထားသည်။ (က-ပ)

အမှာစကား

တောင်ဥက္ကလာပမြို့နယ် ပြည်ထောင်စုကြိုခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက **ကြီးမူးဖွင့်လှစ်သော အခြေခံစည်းရုံးရေးသင်တန်း အမှတ်စဉ် (၂၄၂၅၂၆၊ ၂၇/၂၀၀၇) သင်တန်းများ စုပေါင်းဆင်းပွဲကို ဇွန် ၉ ရက်က မြို့နယ် အသင်းရုံးတွင် ကျင်းပရာ ရန်ကုန်တိုင်း ပြည်ထောင်စု ကြိုခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအေးမြင့် သင်တန်းဆင်း အမှာစကား ပြောကြားစဉ်။** (၆၃)

ဆက်ကပ်လှူဒါန်း

ကွယ်လွန်သူ ဖခင်ကြီး ဦးအောင်ထွန်း-မိခင်ကြီး ဒေါ်ငြိမ်းတို့အား ရည်စူး၍ ရန်ကုန်မြို့ အလုံမြို့နယ် နှင်းဆီကုန်းလမ်းနေ ဦးအေးသောင်း-ဒေါ်ကိတာ ဒေါ်အေးအေးသိန်း(ဗဟိုအမျိုးသမီးဆေးရုံကြီး)၊ ညီအစ်ကို မောင်နမ(ရွှေဆိုးကြီး၏ တိပိဋကဓရ တိုးချဲ့ခြောက်ထပ် ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် ၁၁၅၀၀၀ ကို မင်းကွန်းအနောယကဆရာတော် ဘဒ္ဒန္တဝိနယဓရ ရေစကိုးဆရာအနေအနာတရားနာယူပြီး တိ-နို(ရန်ကုန်ဌာန)ဥက္ကဋ္ဌ သီဟသုခမွန် မဏိဓောတရ ဆင်မင်းဦးတင်ရွှေထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

✪ ရွှေဖုံမှ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် အဖွဲ့ဝင်များသည် ကလော–အောင်ပန်းကားလမ်းအတိုင်း ဆက်လက်ထွက်ခွာခဲ့ကြရာ အောင်ပန်းဖြို့သို့ ရောက်ရှိကြပြီး အောင်ပန်းဖြို့မှအထွက် အောင်ပန်း–ပင်းတယကားလမ်းနံဘေးရှိ ဆားပိတ်တောင်၌ ကျင်းပသည့် တောင်ကြီးခရိုင် ကလောဖြို့နယ်၏ ၂၀၀၇ခုနှစ် ခြစည်းရိုးကြက်ဆူစိုက်ပျိုးပွဲသို့ တက်ရောက်ကြသည်။

အဆိုပါ အခမ်းအနားသို့ ကလောတပ်နယ်မှ ဗိုလ်မှူးချုပ်ကျော်ဖြိုး၊ ပြည်နယ်၊ ခရိုင်နှင့် ဖြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံတိုင်းရင်းသားပြည်သူများ စုစုပေါင်းအင်အား ၂၇၀၀ကျော် တက်ရောက်ကြသည်။

အခမ်းအနားတွင် ရှေးဦးစွာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက အမှာစကားပြောကြားရာတွင် နိုင်ငံတော်အကြီးအကဲက ခြစည်းရိုးကြက်ဆူစိုက်ပျိုးရေးကို ၂၀၀၆ခုနှစ်မှစ၍ သုံးနှစ်အတွင်း ပြည်နယ်နှင့်တိုင်းတစ်ခုချင်းစီ၌ ကောငါးသိန်းစီစိုက်ပျိုးရန် လမ်းညွှန်မှာကြားခဲ့ကြောင်း၊ ထို့ကြောင့် နှစ်စဉ် စိုက်ပျိုးရာသီရောက်တိုင်း ခြစည်းရိုးကြက်ဆူများကို သတ်မှတ်ဧကရရှိအောင် စိုက်ပျိုးလျက်ရှိကြောင်း။

မိမိတို့နိုင်ငံ၌ ရေလွှတ်မြေရိုင်းများရှိသဖြင့် ဘိုင်အိုဒီဇယ်ဆီထုတ်ယူ၍ ရသည့် ခြစည်းရိုးကြက်ဆူကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်သတ်မှတ်ကာ စိုက်ပျိုးနေခြင်းဖြစ်ကြောင်း၊ ထို့အပြင်မိမိတို့ဒေသ၌ အဓိကသီးနှံများကိုလည်း အထွက်ကောင်းမျိုးများသုံး၍ တိုးချဲ့စိုက်ပျိုးသွားရန်လိုကြောင်း၊ ဒေသဝန်းစာဖုလုံမှုအနေဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း)သည် ဝမ်းစာစပါးဖုလုံမှုတွင် ရာနှုန်းပြည့်ထက် ကျော်လွန်ခဲ့သော်လည်း စားသုံးဆီဖုလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးရေးလုပ်ငန်းကို ဆက်လက်တိုးချဲ့ကြိုးပမ်းဆောင်ရွက်သွားရန် လိုနေသေးကြောင်း၊ အလားတူ ဒေသတွင်အသုံးပြုသည့် စက်၊ ယာဉ်၊ ယန္တရားများအတွက် စက်သုံးဆီဖုလုံမှုရှိစေရန် ခြစည်းရိုးကြက်ဆူပင်များကို ပြည်နယ်အတွင်း သတ်မှတ်ဧက ပြည့်မီရေးစိုက်ပျိုးသွားကြရန်၊ စိုက်ပျိုးပြီးပါက ဆက်လက်ရှင်းလင်းဖြစ်ထွန်းအောင် ပြုစုပျိုးထောင်သွားရန်၊ လိုအပ်သောမြေဩဇာများကျွေးမွေးမှုများ ဆက်လက်ပြုလုပ်သွားကြစေလိုကြောင်းဖြင့် တိုက်တွန်းပြောကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးတို့က ကလောဖြို့မှ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်း အဖွဲ့ဝင်များအား ခြစည်းရိုးကြက်ဆူပင်များကို ပေးအပ်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် တိုင်းမှူးတို့က ခြစည်းရိုးကြက်ဆူပင်များကို စိုက်ပျိုးပေးကြပြီး မြေဩဇာများထည့်သွင်းပေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ကလောဖြို့နယ်မှ ဌာနဆိုင်ရာများ၊ ကလောဖြို့နှင့် အောင်ပန်းဖြို့တို့မှ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ၏ ခြစည်းရိုးကြက်ဆူပင်များ စုပေါင်းစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် ကလောဖြို့နယ်၌ ၂၀၀၇ ခုနှစ် စိုက်ပျိုးရာသီတွင် ခြစည်းရိုးကြက်ဆူဧက ၅၅၀၀ စိုက်ပျိုးရန် လျာထားသတ်မှတ်ထားရာ ယခုအခါ ၁၅၃၂ဧက စိုက်ပျိုးခဲ့ပြီးဖြစ်သည်။

ရှမ်းပြည်နယ်(တောင်ပိုင်း) တစ်ခုလုံး၌ ခြစည်းရိုးကြက်ဆူဧကငါးသိန်း စိုက်ပျိုးသွားမည်ဖြစ်ပြီး၊ ၂၀၀၆ ခုနှစ်တွင် ခြစည်းရိုးကြက်ဆူ ဧကတစ်သိန်းခွဲ စိုက်ပျိုးခဲ့ပြီး ဆက်လက်၍ ၂၀၀၇ ခုနှစ်တွင်လည်း ဧကတစ်သိန်းခွဲစိုက်ပျိုးသွားရန် လျာထားသတ်မှတ်ထားရာ ယခုအခါ ၁၈၃၇၄၄ဧက စိုက်ပျိုးပြီးစီးခဲ့ကြောင်းသိရှိရသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း တောင်ကြီးဖြို့ အေးသာယာ ပျိုးဥယျာဉ်တွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ကြရာ တောင်ကြီးဖြို့အဝင်ရှိ အေးသာယာပျိုးဥယျာဉ်သို့ရောက်ရှိကြပြီး ပြည်နယ် သစ်တောဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမောင်မောင်ထွေးက အေးသာယာပျိုးဥယျာဉ်မှ ပြည်သူများအား ခြစည်းရိုးကြက်ဆူပင်များ ဖြန့်ဝေပေးမှုအခြေအနေ၊ အုန်းပင်ပေါက်များ ပြုစုပျိုးထောင်ထားရှိမှု အခြေအနေနှင့် တောင်ကြီးဖြို့အား ပန်းဖြို့တော်ဖြစ်ရေးစီမံချက်အရ အလှပန်းပင်များ ပြုစုပျိုးထောင်ထားရှိမှုတို့ကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လိုအပ်သည်များမှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် အေးသာယာပျိုးဥယျာဉ်အတွင်း ခြစည်းရိုးကြက်ဆူပင်များ၊ အုန်းပင်များနှင့် ပန်းအလှပင်များ ပျိုးထောင်ထားရှိမှုကိုလှည့်လည် ကြည့်ရှုစစ်ဆေးရာ တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသပြီး တိုင်းမှူးက အုန်းပင်မျိုးများကို တောင်ကြီးတပ်မဟိန်းနှင့် ဗထူးတပ်နယ် ဝမ်ပန်နားပွဲဧြိမ်းချမ်းရေးဒေသတို့၌ ပေးပို့စိုက်ပျိုးသွားမည့် အစီအစဉ်နှင့် ဗထူးတပ်နယ်သို့ အုန်းပျိုးပင် ၁၀၀၀ ပို့ပြီးမှအခြေအနေနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ကြရာ ညနေပိုင်းတွင် တောင်ကြီးဖြို့သို့ ရောက်ရှိကြသည်။

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးဖြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ဇွန် ၁၂ရက် နံနက်ပိုင်းတွင် ရှမ်းပြည်နယ် သစ်ပါးလွှာစက်ရုံနှင့် သစ်အချောထည်စက်ရုံတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ (သတင်းစဉ်)

အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး၊ အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများ၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် တောင်ကြီးဖြို့ ဖြို့တော်ခန်းမအနီး၌ အင်းလေးကန်ဒေသ၏ လူနေမှုစနစ်နှင့် စပ်လျဉ်း၍ ပြသထားသည့် ယာယီရှင်းလင်းဆောင်သို့ ရောက်ရှိကြသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူး၊ ဝန်ကြီးများနှင့် အဖွဲ့ဝင်များအား ပြည်နယ် စည်ပင်သာယာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသောင်းစိန်က အင်းလေးကန်ဒေသနေ ကျေးရွာလူထု၏ မိလ္လာစွန့်ပစ်ရေးစနစ် ပြောင်းလဲရေး စီမံချက်ရေးဆွဲနေမှုအခြေအနေ၊ အင်းလေးကန်အတွင်း နေထိုင်ကြသော ကျေးရွာများမှသေဆုံးသူများအတွက် သင်္ဂြိဟ်မှစနစ် ပြောင်းလဲရေး စီမံချက် ရေးဆွဲအကောင်အထည်ဖော်မှု အခြေအနေတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ တိုင်းမှူးက ဖြည့်စွက်ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက စီမံချက်များကို အချိန်ကာလပိုင်းခြားသတ်မှတ်ဆောင်ရွက်ရေး မှာကြားခဲ့သည်။

ဆက်လက်၍ System Engineering Co., Ltd.မှ ပရောဂျက် မန်နေဂျာ ဦးဝင်းမြင့်အောင်က အင်းလေးဒေသနှင့် အသုံးတည့်သည့် Bio Filter Tank မိလ္လာစွန့်ပစ်နည်းစနစ် တည်ဆောက်မှုနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးက အင်းလေးကန်ဒေသ စီမံလမ်းစိုပြည်ရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရေးအစီအစဉ်များကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လိုအပ်သည်များမှာကြားသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုကြံခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယက အဖွဲ့ဝင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် မွန်းလွဲ ၁နာရီတိုင် ရှမ်းပြည်နယ် (တောင်ပိုင်း) ပြည်နယ်ပြည်ထောင်စုကြံခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးသို့ ရောက်ရှိပြီး အသင်းရုံးအစည်းအဝေးခန်းမ၌ ရှမ်းပြည်နယ်(တောင်ပိုင်း) ပြည်ထောင်စုကြံခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းမှ ပြည်နယ်အလုပ်အမှုဆောင်များ၊ ခရိုင်နှင့်ဖြို့နယ် အမှုဆောင်များနှင့် အသင်းဝင်များအား တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာသို့ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး၊ ပြည်ထောင်စုကြံခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသည့် ဗိုလ်မှူးချုပ် တင်နိုင်သိန်းနှင့် ဗိုလ်မှူးချုပ် သူရမြင့်မောင်၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် ရှေးဦးစွာ ဗဟိုနာယကအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လက်ရှိဆောင်ရွက်နေသော နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေကို ရှင်းလင်းပြောကြားပြီး အသင်းဝင်များအနေနှင့် အရေးအတွက်မှသည် အရည်အချင်းသို့ ကူးပြောင်းရေး၊ အသင်းဝင်များ၏ ယုံကြည်ချက်၊ ခံယူချက်များ မှန်ကန်ခိုင်မာရေး၊ ပြည်သူများအား စည်းရုံးသွားကြရေး၊ လတ်တလောဆောင်ရွက်ရမည့်လုပ်ငန်းများကို အချိန်မခဲ့ဘဲ တက်တက်ကြွကြွဖြင့် မြန်မြန်ဆန်ဆန်ပြီးစီးအောင် ကြိုးပမ်းဆောင်ရွက် သွားကြရေး မှာကြားသည်။

ယင်းနောက် ပြည်နယ် ပြည်ထောင်စုကြံခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးကျော်စိုးလွင်က ပြည်နယ်အသင်း၏ လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြို့နယ် ပြည်ထောင်စုကြံခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များက မြို့နယ်အလိုက် ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အကောင်အထည်ဖော်ဆောင်ရန်၊ ကျရာအခန်းကဏ္ဍမှ ပိုင်းဝန်းဆောင်ရွက်ရေး၊ ပြည်ထောင်စုစိတ်ဓာတ်ထားရှိရေး၊ ပြည်ထောင်စုကြီး မပြိုကွဲအောင် ထိန်းသိမ်းစောင့်ရှောက်ကြရေး မှာကြားကာ တွေ့ဆုံပွဲကို ရပ်သိမ်းလိုက်သည်။

ယင်းနောက် ပြည်ထောင်စုကြံခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယက အဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် Public Internet Access Center ၌ အသင်းဝင်များ လေ့ကျင့်နေမှုကို သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။ (သတင်းစဉ်)

ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး ကွင်းဆင်းကြည့်ရှု
မန္တလေးစက်မှုဇုန် သစ်အချောထည်စက်ရုံနှင့် သစ်ပါးလွှာစက်ရုံကိုစစ်ဆေး

နေပြည်တော် ဇွန် ၁၃

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းအောင်သည် ဇွန် ၉ရက် နံနက်ပိုင်းတွင် ပဒုံးတောင်ဥယျာဉ် နတ်ကန်လည်စခန်းသို့ရောက်ရှိပြီး ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ ပဒုံးတောင်ဥယျာဉ်ဧရိယာအတွင်း ငှက်မျောမျောက်ရေးနှင့် အစားထိုးနှစ်ရှည်သီးနှံစိုက်ပျိုးရေး လုပ်ငန်းများ ဆောင်ရွက်ရန် မှာကြားစည်းရုံးပြီး ဒေသခံပြည်သူလူထုက ရပ်ရွာအတွက် လိုအပ်ချက်များကိုတင်ပြရာ ဝန်ကြီးက ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် တောင်သာဖြို့နယ် မြင်းစိုင်းတောင်နှင့် တောင်သာတောင်များသို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို ရှင်းလင်းတင်ပြပြီး ညွှန်ကြားရေးမှူးချုပ် ဦးထွန်းထွန်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။ ထို့နောက်ဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များကို မှာကြားပြီး တောင်များအား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် နွားထိုးကြီးဖြို့နယ် မင်းစုံတောင်စောမဲ့တောအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ကြယ်လိပ်များ မွေးမြူအောင်မြင်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးသည် ဇွန် ၁၀ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများလိုက်ပါလျက် မန္တလေးပြည်ကြီးတံခွန်ဖြို့နယ် စက်မှုဇုန်ရှိ HI-TECH သစ်အချောထည်စက်ရုံသို့ ရောက်ရှိလာရာ စက်ရုံရှင်းလင်းဆောင်၌ စက်ရုံဥက္ကဋ္ဌ ဦးအောင်ဝင်းခိုင်နှင့် စက်ရုံမန်နေဂျင်ဒါရိုက်တာ ဦးကျော်ကျော်တို့က စက်ရုံ၏ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် စက်ရုံအတွင်း သစ်ခွဲခွဲစိတ်လည်ပတ်ပုံ အဆင့်ဆင့်၊ ပရိဘောဂပစ္စည်းများ ထုတ်လုပ်ပုံအဆင့်ဆင့်နှင့် ပြည်ပတင်ပို့ရန် ပစ္စည်းများ ထုပ်ပိုးထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

(အောက်ပုံ)

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ပြည်ကြီးတံခွန်ဖြို့နယ် စက်မှုဇုန်ရှိ Jewellery Luck ကုမ္ပဏီ လဝိမ်တက် သစ်ပါးလွှာ စက်ရုံရင်းလင်းဆောင်သို့ ရောက်ရှိလာပြီးစက်ရုံအတွင်း သစ်ပါးလွှာမှအဆင့်ဆင့်၊ လွှဆွေးစက်ခန်း၊ အထပ်သားများ ပြုလုပ်နေမှု၊ ပြည်ပတင်ပို့ရန် ထုပ်ပိုးထားမှုနှင့် ဇော်မိုက်ကာပြား ထုတ်လုပ်မှု အဆင့်ဆင့်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ (သတင်းစဉ်)

အီရန်ကိုစစ်ရေးအရအရေးယူတိုက်ခိုက်ဖွယ်ရှိ အမေရိကန်အထက်လွှတ်တော်အမတ်ပြောကြား

ဝါရှင်တန် ၆နှစ် ၁၂

အမေရိကန်တပ်ဖွဲ့များကို တိုက်ခိုက်နေသည့် အစွန်းရောက်များအား လက်နက်တပ်ဆင်ပေးနေသော အီရန်နိုင်ငံကို စစ်ရေးအရ အရေးယူနိုင်ဖွယ်ရှိကြောင်း အထက်လွှတ်တော်အမတ် ဂျိုးဇက်လီဗာမင်က တနင်္ဂနွေနေ့တွင် ပြောကြားသည်။

အီရတ်ရှိ အမေရိကန်တပ်ဖွဲ့ဝင်များအား သတ်ဖြတ်နေမှု အဆုံးသတ်စေရန် အီရန်နိုင်ငံကို စစ်ရေးအရ အရေးယူနိုင်ရေးအတွက် ပြင်ဆင်ထားရန်လိုအပ်ကြောင်း ကွန်နက်တီကတ်မှ တစ်သီးပုဂ္ဂလအမတ် လီကာမင်က ပြောကြားသည်။ ယင်းသို့အရေးယူသည့် လှုပ်ရှားမှုတွင် အီရန်နယ်စပ်သို့ ဝင်ရောက်တိုက်ခိုက်မည့်အစီအစဉ် ပါဝင်မည်ဖြစ်ကြောင်း၊ အီရတ်ရှိ အမေရိကန်တပ်ဖွဲ့ဝင်များကို ဝင်ရောက်တိုက်ခိုက်မည် အကြမ်းဖက်သူများအား လေ့ကျင့်ပေးနေသည့် အီရန်တို့၏ အခြေခံစခန်းကို သက်သေသာဓကအဖြစ် ပြနိုင်မည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ မြေပြင်တပ်ဖွဲ့များက အလုံးအရင်းဖြင့်တိုက်ခိုက်ရန်မဟုတ်ဘဲ လေတပ်အင်အားကိုမဟာဗျူဟာတစ်ရပ်အဖြစ် အသုံးပြုရန်သာဖြစ်သည်ဟု ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ဘင်္ဂလားခေ့ရှ်နိုင်ငံ စစ်တကောင်းမြို့၌ မိုးသည်းထန်စွာရွာပြီးနောက် ရေကြီးနေသည်ကို ဇွန် ၁၁ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ဘေရွတ်မြို့၌ ပြင်းထန်သည့်ပေါက်ကွဲမှုဖြစ် အမတ်တစ်ဦးအပါအဝင် ၁၀ ဦးသေဆုံး

ဘေရွတ်(စီအင်ဒန်အင်ခ်) ဇွန် ၁၃

လက်ဘနွန်နိုင်ငံ၊ ဘေရွတ်မြို့အနောက်ပိုင်းတွင် ဗုဒ္ဓဟူးနေ့ နေ့ခင်းပိုင်းက ပြင်းထန်သော ပေါက်ကွဲမှုတစ်ရပ် ဖြစ်ပွားပြီး လက်ဘနွန်ပါလီမန်အမတ်တစ်ဦးဖြစ်သူ ဆီးရီးယားဆန့်ကျင်ရေးသမား ဝါလစ်အီဒို အပါအဝင် အနည်းဆုံး ၁၀ဦးသေဆုံးပြီး ၁၁ဦးခန့်ရှိသွားကြောင်း ဆေးရုံအသိုင်းအဝိုင်းက စီအင်ခ်နှင့်သို့ ပြောကြားသည်။

လုပ်ကြံမှု

အဆိုပါဖြစ်ရပ်မှာ လုပ်ကြံမှုဖြစ်ပြီး ပေါက်ကွဲမှုကြောင့် ဝါလစ်အီဒို၊ ၎င်း၏သားခါလစ်နှင့် သက်တော်စောင့် နှစ်ဦးလည်း သေဆုံးသွားသည်။ ဝါလစ် အီဒိုသည် လွန်ခဲ့သည့် နှစ်နှစ်က လုပ်ကြံမှုကြောင့် သေဆုံးသွားခဲ့ရသည့် လက်ဘနွန်ဝန်ကြီးချုပ် ဟာရီရီ၏ သားဖြစ်သူ ရာဖစ်ဟာရီရီ၏ ပါတီမှ အဖွဲ့ဝင်တစ်ဦးဖြစ်သည်။

အင်တာနက်။

စစ်တကောင်းတွင် မြေပြိုမှုများဖြစ်ပွား၊ ၇၄ ဦးသေဆုံး

ဒါကာ ဇွန် ၁၂

ဘင်္ဂလားခေ့ရှ်နိုင်ငံ အရှေ့တောင်ပိုင်း စစ်တကောင်းမြို့တွင် တနင်္ဂနွေက မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရွှံ့မြေပြိုကျမှုများ ဖြစ်ပွားခဲ့ရာ လူ ၇၆ ဦး သေဆုံးကြောင်း စီအက်စ်ဘီ ရုပ်မြင်သံကြားဌာနက သတင်းထုတ်ပြန်သည်။

တောင်ကုန်းများပေါ်မှ မိုးရေများ ဒလဟော ကျဆင်းခဲ့သဖြင့် ရွာသားအများအပြားမှာ ရေစီးဖြင့် မျောပါခဲ့ကြောင်း ဒေသခံများက ပြောကြားသည်။

ကယ်ဆယ်ရေး လုပ်ငန်းများကို လုပ်ဆောင်ပေးလျက်ရှိပြီး ဒေသခံများအား ရွှေ့ပြောင်းပေးခဲ့ကြောင်း စစ်တကောင်းဒေသ အကြီးအကဲ ရာမန်က ပြောကြားသည်။

ကူးသန်းရောင်းဝယ်ရေးအချက်အချာ စစ်တကောင်းမြို့ ၏ ရပ်ကွက်အများစုမှာ ဒူးခေါင်းမှသည် ခါးအထိ ရေလွှမ်းမိုးလျက်ရှိသည်။

ယင်းမြို့ရှိ ရေဒီယိုအသံလွှင့်ရုံတွင် ရေလွှမ်းလျက်ရှိသဖြင့် အသံလွှင့်မှု လုပ်ငန်းကို ရပ်ဆိုင်းထားလိုက်သည်။

အင်တာနက်။

အာဖဂန်တောင်ပိုင်းတွင်တိုက်ခိုက်

ကဘူး ဇွန် ၁၂

အာဖဂန်နစ္စတန်တောင်ပိုင်းရှိ ကန်ဒါဟာပြည်နယ်တွင် သီးခြားတိုက်ခိုက်မှုနှစ်ခု ဖြစ်ပွားခဲ့ပြီး ရဲတပ်ဖွဲ့ဝင်ငါးဦးနှင့် တွန်းလှန်တိုက်ခိုက်သူများ သေဆုံးခဲ့ကြောင်း ပြည်နယ်ရဲတပ်ဖွဲ့မှ အကြီးအကဲဖြစ်သူ အလီနိုင်က ဗဒေနေ့တွင် ပြောကြားသည်။

တာလီဘန်စစ်သွေးကြွများသည် ရှားဝါလီကော့ခရိုင်ရှိ ရဲစစ်ဆေးရေးဂိတ်ကို စနေနေ့ နံနက်က တိုက်ခိုက်ခဲ့ရာ ရဲတပ်ဖွဲ့ဝင် ငါးဦးသေဆုံးပြီး လေးဦးဒဏ်ရာရရှိခဲ့သည်ဟု အလီနိုင်က ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

တာလီဘန် စစ်သွေးကြွများနှင့် ရဲတပ်ဖွဲ့ဝင်များ ဂိုရက်ခရိုင်တွင် သောကြာနေ့ညက တိုက်ခိုက်ခဲ့သဖြင့် တွန်းလှန်တိုက်ခိုက်သူ ၁၂ဦး သေဆုံးခဲ့ပြီး ရဲတပ်ဖွဲ့ဝင် သုံးဦးဒဏ်ရာရရှိခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

ဘဂ္ဂဒက်တွင် ဗုံးပေါက်ကွဲ ၁၂ ဦးသေဆုံး

ဘဂ္ဂဒက် ဇွန် ၁၂

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တောင်ပိုင်းရှိ စစ်ဆေးရေးဂိတ်တစ်ခုကို စနေနေ့က ဗုံးဖောက်ခွဲ တိုက်ခိုက်ခဲ့သဖြင့် အီရတ်တပ်ဖွဲ့ဝင် ၁၂ ဦးသေဆုံးပြီး လူ ၃၀ ဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဘဂ္ဂဒက်တောင်ပိုင်းကီလိုမီတာ ၁၀၀ (မိုင် ၆၀) ခန့်အကွာရှိ ဟီလာဖြို့အနီးတွင် ဗုံးပေါက်ကွဲခဲ့ကြောင်း သတင်းများတွင် ဖော်ပြသော်လည်း ဗုံးပေါက်ကွဲသည့်နေရာအတိအကျကိုမသိရသေးပေ။

အီရတ်တပ်ဖွဲ့ဝင်များကအဖျက်အစီးများအတွင်း ရှင်းလင်းရှာဖွေလျက်ရှိပြီး သေဆုံးသူဦးရေ တိုးမြင့်လာဖွယ်ရှိသည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။

ကားဗုံးဖောက်ခွဲသူသည်စစ်ဆေးရေးဂိတ်တစ်ခုကို ဖြတ်သန်းခဲ့သည်ဟု ရဲတပ်ဖွဲ့သတင်းရုပ်ကွက်က ပြောကြားသည်။

အမေရိကန်စစ်ဘက်က ဘဂ္ဂဒက်မြို့တွင် လုံခြုံရေး အစီအစဉ်များကို တိုးမြှင့်အကောင်အထည်ဖော်လျက်ရှိသဖြင့် စစ်ဆေးကြွများမှာ ဘဂ္ဂဒက်မြို့ကို ရှောင်ရှားလျက်ရှိပြီး ဘဂ္ဂဒက်မြို့ အပြင်ဘက်ရှိ ပြည်နယ်များတွင် တိုက်ခိုက်မှုများ ပိုမိုဖြစ်ပေါ်လျက်ရှိသည်။

အမ်အင်အေ၊ရိုက်တာ။

ကော်ဖီသောက်ခြင်းဖြင့် အဆစ်ရောင်ရောဂါ တားဆီးနိုင်ဖွယ်ရှိ

အော့တဝါ ဇွန် ၁၂

တစ်ရက်လျှင် ကော်ဖီလေးခွက် သို့မဟုတ် လေးခွက်အထက်သောက်ခြင်းသည် အဆစ်ရောင်ရောဂါကို တားဆီးပေးနိုင်ဖွယ်ရှိကြောင်း သုတေသနအဖွဲ့တစ်ဖွဲ့က လေ့လာတွေ့ရှိထားသည်။

ကော်ဖီသောက်ခြင်းသည် အဆစ်အရောင်ရောဂါကို ပိုမိုဆိုးရွားစေနိုင်သည် သို့မဟုတ် တားဆီးပေး နိုင်သည်ကို စိစစ်ရန် အသက်(၄၀)ကျော် အမျိုးသား ၄၅၈၆၉ ဦးကို အမေရိကန်နှင့်ကနေဒါ သုတေသီများက လေ့လာစမ်းသပ်ခဲ့ကြသည်။

၁၂ နှစ်ကြာ လေ့လာပြီးနောက် ကော်ဖီသောက်ခြင်းနှင့် အဆစ်ရောင်ရောဂါဖြစ်ပွားခြင်းတို့၏ ဆက်နွယ်မှုကို သုတေသီများက သုံးသပ်ခဲ့ကြသည်။

ကော်ဖီနှင့် ကဖိန်းဓာတ်သောက်သုံးခြင်းကို စိစစ်ရန် သုတေသီများသည် သောက်သုံးသည့် အကြိမ်နှုန်းနှင့် စပ်လျဉ်းသည့်မေးခွန်းများ မေးမြန်းခဲ့ပြီး ၎င်းတို့၏ ဖြေကြားချက်များကို မှတ်တမ်းတင်ခဲ့သည်။ လေးနှစ်တစ်ကြိမ် နောက်ဆုံးအခြေအနေကို ပြန်လည်စိစစ် မှတ်တမ်းတင်ခဲ့သည်။ ၎င်းတို့၏ ဖြေကြားချက်များတွင် မည်သည့်အခါမျှ ကော်ဖီမသောက်သူ၊ ရက်သတ္တတစ်ပတ်လျှင် ကော်ဖီနှစ်ခွက်မှ လေးခွက်အထိ သောက်သူ၊ တစ်ရက်လျှင် ကော်ဖီခြောက်ခွက် သို့မဟုတ် ခြောက်ခွက်အထက်သောက်သူဟူ၍ ပါဝင်သည်။

ကော်ဖီသောက်သူများအတွက် ကော်ဖီသောက်ခြင်းနှင့် အဆစ်ရောင်ရောဂါတို့ ဆက်နွယ်မှုကို သုံးသပ်ရန် ၎င်းတို့အား အုပ်စုလေးစုခွဲလိုက်သည်။ ယင်းအုပ်စုလေးစုတွင် တစ်ရက်လျှင် ကော်ဖီတစ်ခွက်နှုန်း၊ အောက်သောက်သူများ၊ တစ်ရက်လျှင် ကော်ဖီတစ်ခွက်မှ သုံးခွက်အထိ သောက်သူများ၊ တစ်ရက်လျှင် ကော်ဖီလေးခွက်မှ ငါးခွက်အထိ သောက်သူများနှင့် တစ်ရက်လျှင် ကော်ဖီခြောက်ခွက် သို့မဟုတ် ခြောက်ခွက်အထက်သောက်သူများဟူ၍ ခွဲခြား ထားသည်။

ကော်ဖီသောက်သုံးမှုနှုန်း မြင့်မားသူများသည် အဆစ်ရောင်ရောဂါဖြစ်ပွားမှု လျော့နည်းကြောင်း တွေ့ရှိရသည်။ မည်သည့်အခါမျှ ကော်ဖီမသောက်သည့် အမျိုးသားများထက် တစ်ရက်လျှင် ကော်ဖီလေးခွက်မှ ငါးခွက်အထိ သောက်သည့် အမျိုးသားများက အဆစ်ရောင်ရောဂါဖြစ်ပွားမှု ၄၄ ရာခိုင်နှုန်း လျော့နည်းကြောင်း၊ တစ်ရက်လျှင် ကော်ဖီခြောက်ခွက် သို့မဟုတ် ခြောက်ခွက်အထက် သောက်သည့် အမျိုးသားများက အဆစ်ရောင်ရောဂါ ဖြစ်ပွားမှု ၅၉ ရာခိုင်နှုန်း လျော့နည်းကြောင်း၊ တွေ့ရှိရသည်။

ယင်းတွေ့ရှိချက်များကို ၂၀၀၇ ခုနှစ် ဇွန်လထုတ် "အဆစ်ရောင်ရောဂါနှင့် ဒူလာရောဂါ"အမည်ရှိ စာစောင်တွင် ဖော်ပြထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အိန္ဒိယနိုင်ငံခြောက်ပိုင်း ချန်ဒီဂါရှိ၌ ကုန်စိမ်းဈေး အမိုးပြိုကျရာ ဝိမ်နေသူများအား ရှာဖွေနေကြသည်ကို ဇွန် ၁၁ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

သြစတြီးယားနိုင်ငံ ဒီယင်နာမြို့တွင် မိုးကြိုးမုန်တိုင်း တိုက်ခတ်ပြီးနောက် မိုးသီးများကြွေကျနေသည်ကို ဇွန် ၁၀ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အီရတ်အရေးကိစ္စတွင် ကုလသမဂ္ဂအခန်းကဏ္ဍမြှင့်တင်လို

ကုလသမဂ္ဂ ဇွန် ၁၂

အီရတ်နိုင်ငံ၏ အရေးကိစ္စတွင် ကုလသမဂ္ဂ၏ အခန်းကဏ္ဍကို မြှင့်တင်ရန် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဘန်ကီမွန်းက လိုလားကြောင်း၊ ဘဂ္ဂဒက်ရှိ ကုလသမဂ္ဂဝန်ထမ်းများကို ကာကွယ်စေနိုင်ရန် အစီမံးရောင်ဇုန်တွင် ကုလသမဂ္ဂအဆောက်အအုံသစ် ထားရှိရန် အဆိုပြုထားကြောင်း တနလ်ာနေ့က ဖြန့်ဝေသည့်အစီရင်ခံစာအရသိရှိရသည်။

လက်ရှိအခြေအနေအရ အီရတ်တွင် ကုလသမဂ္ဂ၏ အခန်းကဏ္ဍ တိုးမြှင့်သင့်သည်ဟု မိမိထင်မြင်မိကြောင်း ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့တင်ပြသည့်အစီရင်ခံစာတွင်ဖော်ပြထားသည်။

အီရတ်နိုင်ငံ ပြန်လည်သင့်မြတ်ရေး ကြိုးပမ်းရာတွင် ကုလသမဂ္ဂ ပါဝင်လှုပ်ရှားသင့်ကြောင်းနှင့် အီရတ်နိုင်ငံ တည်ငြိမ်ရေးအတွက် အိမ်နီးချင်းနိုင်ငံများက ကူညီပံ့ပိုးကြရန် မေတ္တာရပ်ခံကြောင်း အမေရိကန်သံအမတ်ကြီး ဇာမေခါလီဇက်က ရိုက်တာသတင်းဌာနနှင့် တွေ့ဆုံမေးမြန်းရာတွင် ပြောကြားသည်။

ဒီဇင်ဘာ ၂၀၀၅ ခုနှစ်က ရွေးကောက်ပွဲတွင် အီရတ်လူထုသည် ဆွေးနွေးပွဲများ ကျင်းပခဲ့ကြပြီး ဖက်ဒရယ်စနစ်ကို အခြေခံသည့် အစိုးရအဖွဲ့ကို ရွေးချယ်ခဲ့ကြသည်။ ဆွေးနွေးပွဲများတွင် ဆွေးနွေးသူများက ဖက်ဒရယ်စနစ်ကို ကျင့်သုံးခြင်းသည် အီရတ်ကို ပိုမိုတည်ငြိမ်စေမည်ဟု ယုံကြည်ကြောင်း ဖော်ပြခဲ့ကြသည်။

ဘာဆရာတွင်ကုလသမဂ္ဂအဆောက်အအုံထားရှိမည့်အလားအလာကိုစူးစမ်းလေ့လာလျက်ရှိပြီး ကုလသမဂ္ဂဝန်ထမ်းများကို အာဘီးမြို့တွင် တိုးချဲ့ထားမည်ဟု ဘန်ကမြွေကြားသည်။

အမ်အင်အေ၊ရိုက်တာ။

အီရန်၌ မုန်တိုင်းတိုက်၍ ၁၂ ဦး သေဆုံး

တီဟီရန် ဇွန် ၁၂

အီရန်နိုင်ငံ အရှေ့တောင်ပိုင်း၌ ဂုံနုမုန်တိုင်းတိုက်ခတ်မှုကြောင့် ရေလွှမ်းမိုးမှုဖြစ်ပွားခဲ့ရာ လူ ၁၂ ဦး သေဆုံးခဲ့ပြီး ကိုးဦးဒဏ်ရာရရှိခဲ့ကြောင်း မီဟရ သတင်းဌာနက စနေနေ့တွင် ဖော်ပြသည်။

ဟော်မိုဇဂန်နှင့် စစ္စတန်ဘလူချီစတာန်ပြည်နယ်တို့တွင် ရုတ်တရက် ရေလွှမ်းမိုးမှုကြောင့် လူ ၁၂ ဦး သေဆုံးခဲ့ကြောင်း အီရန်နိုင်ငံ၏ အရေးပေါ်လုပ်ငန်းများဌာနအကြီးအကဲ ဖာဇတ်ပါနာဟီ၏ ပြောကြားချက်ကို ကိုးကားလျက် သတင်းဌာနက ဖော်ပြသည်။ ဟော်မိုဇဂန်ပြည်နယ် ဂျပ်စ်ခ်မြို့၌ ရေလွှမ်းမိုးမှုကြောင့် လူနေအိမ်ခြေအား၁၀၀ ခန့်ပျက်စီးသွားခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

တရုတ်နိုင်ငံ ကွမ်တုန်ပြည်နယ် မေကျိုးမြို့တွင် ရေကြီးမှုဖြစ်ပွားပြီးနောက် ပျက်စီးသွားသော အိမ်တစ်လုံးကို ဇွန် ၁၂ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

တရုတ်တောင်ပိုင်းဌိုမိုးကြိုးပြိုး ရေလွှမ်းမိုး၊ ၇၄ ဦးသေဆုံး

မေကျိုး ဇွန် ၁၂

တရုတ်နိုင်ငံတောင်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေလွှမ်းမိုးမှု ဖြစ်ပွားသဖြင့် လူ ၇၆ ဦးထက်မနည်း သေဆုံးရပြီး အိမ်များပြိုကျခဲ့ရကြောင်း အစိုးရမီဒီယာသတင်းဌာနက တနလ်ာနေ့တွင် သတင်းထုတ်ပြန်သည်။

တရုတ်နိုင်ငံ၏ အရှည်ဆုံးမြစ်ဖြစ်သည့် ယန်စီမြစ်၏ တောင်ပိုင်းဒေသနှင့် တရုတ်နိုင်ငံတောင်ပိုင်းဒေသတို့တွင် ကြာသပတေးနေ့အထိ မိုးဆက်လက်၍ သည်းထန်စွာ ရွာသွန်းနိုင်သည်ဟု တရုတ်မိုးလေဝသဌာနက ခန့်မှန်းထားသည်။

တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်း ကွမ်တုန်ပြည်နယ် မေကျိုးမြို့တွင် ရေလွှမ်းမိုးလျက်ရှိသည်။

ရေလွှမ်းမိုးမှုဖြစ်ပွားသဖြင့် အိမ်ခြေ ၉၄၀၀၀ ပျက်စီးပြီး လူ ၅၉၁၀၀၀ခန့်ကို ရေဘေးလွတ်ကင်းရာသို့ ပြောင်းရွှေ့ပေးခဲ့ရကြောင်း တရုတ်နေ့စဉ်သတင်းစာကဖော်ပြသည်။ လူကိုးသန်းခန့် ရေဘေးဒုက္ခခံစားကြရပြီး ၁၂ ဦး ပျောက်ဆုံးလျက်ရှိသည်။

သီးနှစ်ရိုက်ခင်းဟက်တာ ၂၉၄၈၀၀ထိခိုက်ပျက်စီးခဲ့ရသည်။

အမ်အင်အေ၊ရိုက်တာ။

ပါလက်စတိုင်းပြိုင်ဘက်အဖွဲ့များ တိုက်ခိုက်နှစ်ရက်အတွင်း ၄၃ ဦးသေဆုံးခဲ့ရ

ဂါဇာ ဇွန် ၁၃

ပါလက်စတိုင်း ပြိုင်ဘက်အဖွဲ့များဖြစ်သည့် ဖာတာနှင့် ဟားမတ်လက်နက်ကိုင်များအကြား လွန်ခဲ့သော ၄၈ နာရီအတွင်း တစ်ဖက်နှင့်တစ်ဖက် ပစ်ခတ်မှုများဖြစ်ပွားရာ ပါလက်စတိုင်း ၄၃ ဦးသေဆုံးပြီး ၈၀ဦး ဒဏ်ရာရရှိသွားကြောင်း ပါလက်စတိုင်းကျန်းမာရေးဌာနမှ အထက်တန်းအရာရှိ မော်ဝိယာဟာဆန်နီက ပြောကြားသည်။

ဂါဇာဒေသမြောက်ပိုင်းရှိ ဂျဘလီယာဒုက္ခသည်စခန်းတွင် ဇွန်၁၂ရက်က အပြင်းအထန်ပစ်ခတ်မှုများဖြစ်ပွားရာ ထိုတစ်ညတာညဉ့်ခေါင် ပါလက်စတိုင်း ၂၁ ဦးသေဆုံးပြီး ၆၀ ဦး ဒဏ်ရာရသွားကြောင်း ၎င်းကပြောကြားသည်။

မကြာသေးမီက ဂါဇာကမ်းမြောင်းဒေသ တိုက်ပွဲများစတင်ဖြစ်ပွားချိန်မှ ယခုအချိန်အထိ ကာလအတွင်း သေဆုံးရသူ ပါလက်စတိုင်း စုစုပေါင်းသည် ၄၃ ဦးရှိသွားပြီဖြစ်သည်ဟု ၎င်းကဆက်လက်ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အမေရိကန်တို့ လေကြောင်းမှ မှားယွင်းတိုက်ခိုက်ခံရမှုနှုန်းဦးသေဆုံး

ဇွန် ၁၃

အမေရိကန်ဦးဆောင်သည့် တပ်ဖွဲ့များ၏ လေကြောင်းမှ မှားယွင်းတိုက်ခိုက်မှုကြောင့် အာဖဂန်ရဲတပ်ဖွဲ့ဝင် ခုနှစ်ဦးသေဆုံးကြောင်းအရာရှိတစ်ဦးက ပြောကြားသည်။ ထို့ပြင် နေတိုးစစ်ဆေးရေးဂိတ်၌လည်း ပစ်ခတ်မှုဖြစ်ပွားရာ လူသုံးဦးသေဆုံးခဲ့ရသည့်အတွက် အာဖဂန်နှစ်ဌာနခွဲမှားယွင်းတိုက်ခိုက်ခဲ့မှုကြောင့်သေဆုံးရသောကိစ္စအပေါ် စိုးရိမ်မှုများ မြင့်တက်လာကြောင်းသိရသည်။

သီခြားအဖြစ်အပျက်တစ်ခုတွင် မော်တော်ဆိုင်ကယ်စီးလာသော သေနတ်သမားများသည် လမ်းပေါ်ရှိ ကျောင်းသူကလေးများကို ပစ်ခတ်ခဲ့ရာနှစ်ဦးသေဆုံးပြီး ခြောက်ဦးမှာ ထိခိုက်ဒဏ်ရာရရှိကြောင်း အရာရှိများက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

လက်ဘနွန်တွင် ချောင်းမြောင်းပစ်ခတ်တပ်ဖွဲ့ဝင်သုံးဦးသေဆုံး

ဘေရွတ် ဇွန် ၁၂

လက်ဘနွန်စစ်ဘက်ကနာယာအယ်လ်ဘာရက်ဒုက္ခသည်စခန်းတွင်ပုန်းအောင်းနေသည့် စစ်သွေးကြွများကို အရှိန်မြှင့်တိုက်ခိုက်နေစဉ် စစ်သွေးကြွများ၏ ချောင်းမြောင်းပစ်ခတ်မှုကြောင့် လက်ဘနွန်တပ်ဖွဲ့ဝင်သုံးဦး စနေနေ့ကသေဆုံးခဲ့ကြောင်း ဆင်ဟွာသတင်းအရ သိရှိရသည်။ ချောင်းမြောင်းပစ်ခတ်မှုကြောင့် တပ်ဖွဲ့ဝင် ၂၁ ဦး ဒဏ်ရာရရှိခဲ့သည်ဟု လက်ဘနွန်တပ်ဖွဲ့ ၏ ပြောရေးဆိုခွင့်ရှိသူကသတင်းဌာနသို့ ပြောကြားသည်။

ရက်သတ္တပတ်သုံးပတ်အတွင်း လက်ဘနွန်တပ်ဖွဲ့ဝင် စုစုပေါင်း ၅၀ သေဆုံးခဲ့ရပြီဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

အပြည်ပြည်ဆိုင်ရာအာကာသစခန်းယာဉ်အတွင်း အာကာသယာဉ်မှူးနှစ်ဦးကို ဇွန် ၁၃ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ပါကစ္စတန်တွင် အမှုလှိုင်းကျရောက်

အစ္စလမ္မာဘတ် ဇွန် ၁၂

ပါကစ္စတန်နိုင်ငံရှိ မြို့အများအပြားတွင် အမှုလိုင်းကျရောက်မှုကြောင့် ၆၃ ဦးထက်မနည်း သေဆုံးခဲ့ကြောင်း သတင်းစာများက တနလ်ာနေ့တွင် ရေးသားသည်။

ပန်ဂျပ်ပြည်နယ် မြို့တော်လာဟိုးတွင်နှစ်ရက်ဆက်တိုက် အပူချိန် ၁၁၈ ဒသမ၄ ဒီဂရီဖာရင်ဟိုက်အထိ အပူချိန် မြင့်တက်ခဲ့ကြောင်း နေရှင်းသတင်းစာက ရေးသားသည်။

ဘလူချီစတန်ပြည်နယ် အနောက်တောင်ပိုင်းရှိ ဆစ်ဘီခရိုင်သည် ပါကစ္စတန်နိုင်ငံတွင်အပူဆုံးဒေသဖြစ်ပြီး အပူချိန် ၁၂၄ဒသမ၈ ဒီဂရီဖာရင်ဟိုက်အထိ မြင့်တက်ခဲ့ကြောင်း သတင်းစာက ရေးသားသည်။ ဂျာကိုဘာဆက်မြို့တွင် အပူချိန် ၁၂၂ဒသမ၉ ဒီဂရီဖာရင်ဟိုက်အထိ ရောက်ရှိခဲ့သည်။

အနောက်မြောက်နယ်စပ်တစ်လျှောက် ရှိပြည်နယ်များမြောက်ပိုင်းဒေသများနှင့် ကက်ရှ်မီးယားဒေသတို့တွင် အပူချိန် မကြိစဖူးထူးကဲစွာ မြင့်တက်လျက်ရှိသည်။

အမ်အင်အေ၊ဆင်ဟွာ။

အိန္ဒိယပုဂ္ဂလိက လေကြောင်းပင်လယ်ကွေ့သို့ ပျံသန်းခွင့် ရမည်

နယူးဒေလီ ဇွန် ၁၂

အိန္ဒိယနိုင်ငံရှိ ပုဂ္ဂလိကပိုင် လေကြောင်းဌာနများသည် မကြာမီမှစ၍ ပင်လယ်ကွေ့ဒေသရှိနိုင်ငံများသို့ ပျံသန်းခွင့်ရရှိတော့မည်ဖြစ်ကြောင်း ဇွန် ၁၂ရက် အင်တာနက်သတင်းတွင် ဖော်ပြထားသည်။

ပင်လယ်ကွေ့ဒေသခရီးစဉ်များကို အိန္ဒိယနိုင်ငံပိုင်လေကြောင်းဌာနများမှအပ ပုဂ္ဂလိကပိုင်လေကြောင်းဌာနများပြေးဆွဲခြင်းမပြုရန် ၂၀၀၈ ခုနှစ် ဇန်နဝါရီလအထိ သုံးနှစ်ကြာ ကန့်သတ်ခဲ့မှုမှာ ပြီးဆုံးတော့မည်ဖြစ်ကြောင်း အိန္ဒိယနိုင်ငံရှိ ဂျက်အဲယားဇေးစ်လေကြောင်းဌာနက ပြောကြားသည်။

ဂျက်လေကြောင်းဌာနနှင့် ကင်းဖစ်ရှာလေကြောင်းဌာနတို့သည် ပြည်ပလေကြောင်းခရီးစဉ်များ ပြေးဆွဲခွင့်ရရှိသည်နှင့် တစ်ပြိုင်နက်တည်း ပင်လယ်ကွေ့ဒေသရှိ မြို့ကြီးများသို့ ခရီးစဉ်များ ပျံသန်းရန် မျှော်မှန်းထားသည်။

ဂျက်လေကြောင်းဌာနသည် အိန္ဒိယနိုင်ငံရှိပြည်တွင်း လေကြောင်းခရီးစဉ် ၃၄ကျော်ကို ပျံသန်းလျက်ရှိသည်။ ပြည်ပခရီးစဉ်များအဖြစ် ပင်လယ်ကွေ့ဒေသသို့ ပျံသန်းခွင့်မရရှိခဲ့သော်လည်း ကိုလံဘို၊ ဗန်ကောက်၊ ခတ္တမန္တူ၊ စင်ကာပူ၊ ကွာလာလမ်ပူနှင့် လန်ဒန်မြို့တို့သို့ ခရီးစဉ်ပျံသန်းလျက်ရှိသည်။ ကင်းဖစ်ရှာလေကြောင်းဌာနမှာမူ အိန္ဒိယနိုင်ငံရှိ မြို့ကြီး ၆၉မြို့သို့ လေကြောင်းခရီးစဉ်များ ပျံသန်းလျက်ရှိသည်။

အင်တာနက်။

အမေရိကန်နိုင်ငံ မစ်ရှီဂန်ပြည်နယ်တွင် ပြသထားသော အီသနောလောင်စာဖြင့် မောင်းနှင်နိုင်သည့် ဂျင်နရယ် မော်တော်ကားကုမ္ပဏီမှ ထုတ်လုပ်သော ကားများကို ဇွန် ၁၃ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အထွေထွေအတွင်းရေးမှူး ဦးဌေးဦး ဟင်္သာတခရိုင်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

ရန်ကုန် ၆၆ ၁၃

ပြည်ထောင်စုကြီးမှူးရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးသည် ဌာနဆိုင်ရာများ၊ ဟင်္သာတခရိုင် ပြည်ထောင်စုကြီးမှူးရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် အမှုဆောင်များလိုက်ပါလျက် ၆၆ ရက် ၆၆ လွဲပိုင်းတွင် မြန်အောင်ဖြို့နယ် ဘန်ဒေးကုန်း(အနောက်)ကျေးရွာ တွဲဇက်အခြေခံပညာအလယ်တန်းကျောင်းသို့ သွားရောက်၍ ကျေးရွာလူထု၊ ဆရာ၊ ဆရာမများနှင့် တွေ့ဆုံ၍ လေပြင်းဒဏ်ကြောင့် စာသင်ကျောင်းပျက်စီးမှုကို ကြည့်ရှုကာ လိုအပ်ချက်များ ဖြည့်ဆည်းကူညီပေးသည်။

ထို့နောက် အထွေထွေ အတွင်းရေးမှူးနှင့် အဖွဲ့သည် ညနေပိုင်းတွင် ဟင်္သာတဖြို့နယ် ဒူးယားကျေးရွာ ထန်းတပင်ကျောင်းတိုက် မွေ့ရှဲ၍ ဌာနဆိုင်ရာများ၊ ဟင်္သာတဖြို့နယ် ပြည်ထောင်စုကြီးမှူးရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးအမှုဆောင်များ၊ အသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျေးရွာလူထု တောင်သူလယ်သမားများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် အထွေထွေ အတွင်းရေးမှူး ဦးဌေးဦးက အမှာစကား ပြောကြားရာတွင် ပြည်ထောင်စုကြီးမှူးရေးနှင့် ဖွံ့ဖြိုးရေးအသင်း အပါအဝင် လူမှုရေး အသင်းအဖွဲ့ဝင်များသည် ပြည်သူလူထုနှင့်အတူ လက်တွဲ၍ နိုင်ငံတော်က ဆောင်ရွက်လျက်ရှိသော ကျေးလက်ဒေသဖွံ့ဖြိုးရေး အခြေခံလုပ်ငန်း တာဝန်ကြီး(၅)ရပ်ကို နယ်မြေလူထုနှင့်လက်တွဲ၍ ဆောင်ရွက်ပေးလျက်ရှိကြကြောင်း၊ ကျေးလက်ဒေသများသည်လည်း ဖွံ့ဖြိုးတိုးတက်လာနေပြီဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် ဧရာဝတီတိုင်း တိုင်းပညာရေးမှူးက လေပြင်းဒဏ်ကြောင့် ထိခိုက်ပျက်စီးသည့် ဒူးယားကျေးရွာ အထက်တန်းကျောင်း၏ ပျက်စီးမှုနှင့် ဌာနနှင့် ကျေးရွာလူထု၊ ပြည်ထောင်စုကြီးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်တို့ ပူးပေါင်း၍ ပြုပြင်ကြမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အထွေထွေ အတွင်းရေးမှူး ဦးဌေးဦးက ဒူးယားကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း ကျောင်းသား၊ ကျောင်းသူများ အသုံးပြုရန် ကျောင်းသုံး ပုံနှိပ်စာအုပ်များ ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများက လက်ခံကြသည်။

ဆက်လက်၍ ဒူးယားကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း ကျောင်းစာသင်ဆောင်များ ပြုပြင်မွမ်းမံရန်အတွက် ပြည်ထောင်စုကြီးမှူးရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် ကျေးရွာလူထုက လှူဒါန်းငွေများကို ပေးအပ်လှူဒါန်းကြရာ ကျောင်းကြီးကြပ်ရေးကော်မတီက လက်ခံသည်။

ထို့နောက် အထွေထွေအတွင်းရေးမှူးသည် ဧလွန်မြို့ မာရ်အောင်မြင့် ပြည်တော်ပြန် မြတ်စွာဘုရားကြီးအား ဖူးမြော်ကြည်ညိုပြီး ဘုရားကြီး ဘက်ခုံ ပြုပြင်မွမ်းမံရန် ဂေါပကအဖွဲ့သို့ အလှူငွေ ပေးအပ်လှူဒါန်းသည်။

အထွေထွေအတွင်းရေးမှူးနှင့် အဖွဲ့သည် ဓနဖြူမြို့နယ် ပြည်ထောင်စုကြီးမှူးရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ လိုက်ပါလျက် ရေလဲကျေးရွာ တစ်ပါး ကျောင်းတိုက်သို့ သွားရောက်ပြီး ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဓောတိက ၈၈ ဘဒ္ဒန္တ လက္ခိတာအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်း ဆက်ကပ်လှူဒါန်းကာ သာသနာ့ရေးဆိုင်ရာများ လျှောက်ထားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စု ကြီးမှူးရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေ အတွင်းရေးမှူး ဦးဌေးဦး ဟင်္သာတ ဖြို့နယ် ဒူးယားကျေးရွာ ထန်းတပင်ကျောင်းတိုက် မွေ့ရှဲတွင် ဌာနဆိုင်ရာများ၊ ဟင်္သာတဖြို့နယ် ပြည်ထောင်စုကြီးမှူးရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် အမှုဆောင်များ၊ အသင်းဝင်များ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ ကျေးရွာလူထု၊ တောင်သူလယ်သမားများအား အမှာစကား ပြောကြားစဉ်။ (လယ်/ဆည်)

ဘုန်းတော်ကြီးသင်ကျောင်းသို့ စာရေးကိရိယာလှူဒါန်း

ရန်ကုန် ၆၆ ၁၃

မင်္ဂလာတောင်ညွန့်မြို့နယ် ပြည်ထောင်စုကြီးမှူးရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူး၍ မလွန်ကုန်း မီးရထားရပ်ကွက်ရှိ ဘုန်းတော်ကြီးသင်ကျောင်းသို့ စာရေးကိရိယာ လှူဒါန်းပွဲအခမ်းအနားကို ၆၆ ရက်တွင် ဓမ္မရက္ခိတ ကျောင်းတိုက်၌ ကျင်းပရာ ကျောင်းသား၊ ကျောင်းသူ ၅၁ ဦးအတွက် ဖြို့နယ်အသင်းက လှူဒါန်းသည့် ငွေကျပ် ခုနစ်သောင်းတန်ဖိုးရှိ ဗလာစာအုပ် ဒါဇင် ၂၀၊ စာသင်ကျောက်သင်ပုံးကြီးနှစ်ချပ်၊ ခဲတံ၊ ပေတံတို့ကို ဘုန်းတော်ကြီး သင်ပညာရေးကျောင်း ဝင်ရောက်ပြန်ကြား

ဆက်ဖတ်ရန်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ပြည်ထောင်စုကြည်ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့မှ ကိုယ်စားလှယ်တို့အား ခြစည်းရိုးကြက်ဆူပျိုးပင်များကို ပေးအပ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူးနှင့် ဝန်ကြီးများသည် သတ်မှတ်နေရာအသီးသီး၌ ခြစည်းရိုးကြက်ဆူပင်များကို အသီးသီးစိုက်ပျိုးပေးကြပြီး စိုက်ပျိုးပွဲတွင် ပါဝင်စိုက်ပျိုးကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးသည်။

ယနေ့ကျင်းပသော မောင်တောမြို့နယ် ခြစည်းရိုးကြက်ဆူစိုက်ပျိုးပွဲတော်တွင် ခြစည်းရိုးကြက်ဆူ ပျိုးပင်ပေါင်း ၃၆၀၀၀ကို စိုက်ပျိုးခြေမုံးအကအတွင်း စုပေါင်းစိုက်ပျိုးကြခြင်းဖြစ်သည်။ မောင်တောမြို့နယ် ခရိုင်အနေဖြင့် ၂၀၀၆–၂၀၀၇ ခုနှစ် ခြစည်းရိုးကြက်ဆူ ၂၁၃၇ ဧက စိုက်ပျိုးထားရှိပြီးဖြစ်သည့်အပြင် ယခုနှစ် ၂၀၀၇–၂၀၀၈ ခုနှစ်တွင် ၂၈၃၉၇ ဧက စိုက်ပျိုးရန်လျာထားပြီး ယနေ့အထိ ၃၇၄ ဧက စိုက်ပျိုးထားပြီးဖြစ်ကြောင်းနှင့် ကျန်ဧကများကို မိုးရာသီမကုန်မီ အပြီးစိုက်ပျိုးသွားကြမည်ဖြစ်ကြောင်းသိရှိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက် ထွက်ခွာကြပြီး နံနက် ၈ နာရီ မိနစ် ၂၀ တွင် မောင်တောမြို့နယ် မြို့သူကြီးကျေးရွာ၌ကျင်းပသော မောင်တောမြို့နယ် ၂၀၀၇–၂၀၀၈ ခုနှစ် မိုးစပါးစုပေါင်းထွန်ယက်ပွဲနှင့် တိုက်ရိုက် အစုစုရှု စိုက်ပျိုးပွဲအခမ်းအနားသို့ တက်ရောက်အားပေးကြသည်။

အခမ်းအနားဦး ရွေးဦးစွာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မောင်တောခရိုင် မန်နေဂျာ ဦးသာထွန်းအေးက မောင်တော မြို့နယ်အနေဖြင့် မိုးစပါးတိုးချဲ့စိုက်ပျိုးမည့်အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူးနှင့် ဝန်ကြီးများသည် တိုက်ရိုက်အစေ့ရှု စိုက်ပျိုးပေးကြသည်။ ဆက်လက်၍ မိုးစပါးစိုက်ပျိုးမည့် စပ်ဖြစ်က်ခင်းဧက ၁၀၀တွင် စုပေါင်းထွန်ယက်နေမှုတို့ကိုလည်း ကြည့်ရှုအားပေးကြသည်။

မောင်တောမြို့နယ်တွင် ၂၀၀၇–၂၀၀၈ ခုနှစ်၌ မိုးစပါးကို ၈၈၆၂၆ဧက စိုက်ပျိုးရန်လျာထားပြီး ယခုအခါ ၂၀၄၅၈ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရှိရသည်။

ထို့မှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူး၊ ဝန်ကြီးများနှင့် အဖွဲ့ဝင်များသည် နံနက် ၈ နာရီခွဲတွင် မောင်တောမြို့ သီရိမင်္ဂလာခန်းမ၌ကျင်းပသော ရခိုင်ပြည်နယ် ဒုတိယအကြိမ် အိမ်တိုင်ရာရောက် ကောက်သင်းကောက် ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးခြင်း အခမ်းအနားသို့ တက်ရောက်အားပေးကြသည်။

အဆိုပါ အခမ်းအနားသို့ ရန်ကုန်မြို့၌ ရုံးစိုက်သော ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (UNICEF) ဌာနကိုယ်စားလှယ် Mr. Ramesh Shrestha နှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) မှ ကာကွယ်ဆေးထိုးလုပ်ငန်း တာဝန်ခံ Dr. Nihar Singh၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ ပိုလီယိုဆေးတိုက်ကျွေးမည့် ကလေးငယ်များနှင့် ၎င်းတို့၏ မိဘများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရွေးဦးစွာ ရခိုင်ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာချို့ထွန်းက ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က မြန်မာနိုင်ငံတွင် ပိုလီယိုရောဂါ ကင်းရှင်းစေရေးအတွက် အမျိုးသားကာကွယ်ဆေးတိုက်ကျွေးနေ့များ ရှစ်ကြိမ်၊ ဒေသအလိုက် အမျိုးသားကာကွယ်ဆေးတိုက်ကျွေးနေ့များ လေးကြိမ် စုစုပေါင်း ၁၂ကြိမ် ကျင်းပဆောင်ရွက်ခဲ့မှု၊ ဆက်လက်၍ ၂၀၀၇ ခုနှစ် မေ ၁၄ ရက်မှ ၁၈ရက်အထိ ပထမအကြိမ် ဇွန် ၉ ရက်မှ ၁၃ ရက်အထိ ဒုတိယအကြိမ်နှင့် ဇူလိုင်၄ရက်မှ ၈ရက်အထိ တတိယအကြိမ်အဖြစ် ကောက်သင်းကောက်ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးခြင်းတို့ကို ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်၊ ရခိုင်ပြည်နယ် ၁၇မြို့နယ်တို့တွင် ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ယခုကျင်းပသော ကောက်သင်းကောက် ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးနေ့ကို မင်္ဂလာတိုင်း၊ ဧရာဝတီတိုင်း၊ ပဲခူးတိုင်း (အနောက်ပိုင်း)တို့ရှိ မြို့နယ်များနှင့် ချင်းပြည်နယ်မှ ပလက်ဝမြို့နယ်၊ ရခိုင်ပြည်နယ်ရှိ မြို့နယ်များစုစုပေါင်း ၈၃ မြို့နယ်တွင် ဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း၊ ပိုလီယိုကင်းစင်ပြီးသော အခြေအနေကို ပြန်လည်ထိန်းသိမ်းနိုင်ရန် အိမ်တိုင်ရာရောက် တစ်ဆိမ်းတက်ဆင်း ကောက်သင်းကောက် ပိုလီယိုဆေး တိုက်ကျွေးသွားမည်ဖြစ်သဖြင့် ကျန်းမာရေးဝန်ထမ်းများ၊ သင်တန်းပေးထားသော စေတနာဝန်ထမ်းများအား လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများက ဝိုင်းဝန်းကူညီပံ့ပိုးကြရန်ဖြစ်ကြောင်း။

မိဘများအနေဖြင့်လည်း မိမိတို့၏ရင်သွေးငယ်ကလေးများအတွက် ပိုလီယိုရောဂါ ကာကွယ်ခွင့်ရရှိရှိနိုင်တွင် မိမိတို့၏ ငါးနှစ်အောက် ရင်သွေးငယ်များကို မပျက်မကွက် ပိုလီယို ကာကွယ်ဆေးတိုက်ကျွေးကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် အခမ်းအနားတက်ရောက်လာကြသော ကလေးငယ်များအား ပိုလီယိုဆေးတိုက်ကျွေးပြီး လက်ဆောင်ပစ္စည်းများ အသီးသီး ပေးအပ်သည်။

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးများ၊ UNICEF မှ ဌာနကိုယ်စားလှယ်နှင့် WHO မှ တာဝန်ခံတို့သည် ကလေးငယ်များအား ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးကြပြီး လက်ဆောင်ပစ္စည်းများ ပေးအပ်ကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် အခမ်းအနားဦး ခြင်းကျင်းပြသထားသော ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးခြင်း မှတ်တမ်းတင်ဓာတ်ပုံများကို လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူး၊ ဝန်ကြီးများနှင့် အဖွဲ့ဝင်များသည်မောင်တောမြို့မှမောင်တော–ဘူးသီးတောင် ကားလမ်းအတိုင်းထွက်ခွာကြပြီး နံနက် ၉နာရီ မိနစ် ၄၀ တွင် ဘူးသီးတောင် မြို့အဝင်ဧည့် နယ်မြေခံ တပ်ရင်းမှစိုက်ပျိုးထားသော ခြစည်းရိုးကြက်ဆူ ၁၃၈၇ ပင် စိုက်ခင်းနှင့် ၄၃၉၆ပင် နှစ်နှစ်သား စိုက်ခင်းတို့ရှိ အောင်မြင်စွာ ဖြစ်ထွန်းနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တိုင်းမှူး ဗိုလ်ချုပ်မောင်ရှိန်နှင့် တာဝန်ရှိသူတို့က ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက အောင်မြင်ဖြစ်ထွန်းနေသော ခြစည်းရိုးကြက်ဆူပင်များကို ဆက်လက်ဖြစ်ထွန်းစေရန်၊ အသီးများကိုချေးဆွတ်နိုင်ချိန်၌ ခူးဆွတ်၍ အချိန်မီ မျိုးဖြစ် ပြန်လည်အသုံးပြုသွားရေး၊ မိုးအကုန်တွင် ကိုင်းဖြတ်မျိုးပွားရေး၊ ပတ်ဝန်းကျင်ရှိ ကုန်းစောင်းတောင်စောင်းများ၌ပါ တိုးချဲ့စိုက်ပျိုး၍ စီမံကိန်းဧက ပြည့်မီကျော်လွန်အောင် ဆောင်ရွက်သွားရေးတို့ကို မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ဘူးသီးတောင်မြို့နယ် လက်ဝဲဒက်ပြင်ရှည် ကျေးရွာအုပ်စုခွဲကျင်းပသော ဘူးသီးတောင်မြို့နယ်၏ စက်မှုကုန်ကြမ်းသီးနှံ ရော်ဘာစုပေါင်းစိုက်ပျိုးပွဲသို့ တက်ရောက် အားပေးသည်။

ရွေးဦးစွာ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း ပြည်နယ်မန်နေဂျာ ဦးနိုင်ဦးက ရခိုင်ပြည်နယ်အနေဖြင့် စက်မှုကုန်ကြမ်းသီးနှံ ရော်ဘာကို ဧက ၁၅၀၀၀ စိုက်ပျိုးခဲ့ပြီး ၂၀၀၇–၂၀၀၈ ခုနှစ်တွင် ဧက ၁၀၀၀၀ ထပ်မံစိုက်ပျိုးမည့်အစီအစဉ်၊ မောင်တောခရိုင်အနေဖြင့် ဧက ၁၁၉၀ စိုက်ပျိုးထားရှိပြီး ၂၀၀၇–၂၀၀၈ ခုနှစ်တွင် ၁၆၃၅ဧက စိုက်ပျိုးရန်လျာထားပြီး ပျိုးပင် ၃၃၉၂ ဧက ပျိုးထောင်ထားကြောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မောင်ရှိန်က တိုင်းရင်းသားကျေးရွာများအား တစ်အိမ်လျှင်တစ်နှစ် ၁၀ဧကဖြင့် ငါးနှစ်တွင် ဧက ၅၀စိုက်ရန်နှင့် တပ်ရင်းတပ်ဖွဲ့များ အပါအဝင် ဌာနဆိုင်ရာများအားလည်း ရော်ဘာစိုက်ပျိုးရန် စီမံချက်ရေးဆွဲ ဆောင်ရွက်သင့်ပါကြောင်း၊ ရော်ဘာစိုက်ပျိုးရန် ဆက်လက်စည်းရုံး ဆောင်ရွက်သွားရေး၊ ရော်ဘာအပြင် ခြစည်းရိုးကြက်ဆူ ကိုလည်း ဧရိယာတိုးချဲ့စိုက်ပျိုးရေးတို့ကို မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ဘူးသီးတောင်မြို့နယ်မှ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့၊ မြို့နယ်ပြည်ထောင်စုကြည်ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မြို့နယ် အရန်မီးသတ်တပ်ဖွဲ့နှင့် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့တို့အား ရော်ဘာပျိုးပင်များ အသီးသီးပေးအပ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူးနှင့် ဝန်ကြီးများသည် ရော်ဘာပျိုးပင်များကို သတ်မှတ် နေရာများတွင် အသီးသီးစိုက်ပျိုးပေးကြပြီး စိုက်ပျိုးပွဲတော်တွင် ပါဝင်စိုက်ပျိုးနေကြသော လူမှုရေးအသင်းအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ထို့မှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ဘူးသီးတောင်မြို့မှ အမြန်ရေယာဉ်များဖြင့် ဆက်လက်ထွက်ခွာကြရာ နံနက် ၁၁ နာရီခွဲတွင် ရသေ့တောင်မြို့နယ် စေတီပြင်ကျေးရွာသို့ ရောက်ရှိကြသည်။

ဆက်လက်၍ စေတီပြင်ကျေးရွာ တိုက်နယ်ဆေးရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ လက်ထောက်ဆရာဝန် ဒေါက်တာဒေါ်ခင်သူဇာနှင့် ကျန်းမာရေးဝန်ထမ်းများက ကြိုဆိုကြပြီး တိုက်နယ်ဆေးရုံတည်ဆောက်မည့် လူနာဆောင်နှင့် တိုက်နယ်ဆေးရုံသစ်တည်ဆောက်မည့် အဆောက်အအုံ အခြေခံအုတ်ဂူတို့ကို လိုက်လံရှင်းလင်းပြသသည်။

ယင်းနောက် တိုက်နယ်ကျန်းမာရေးဌာနဝင်းအတွင်း၌ တွေ့ဆုံပွဲအခမ်းအနားကို ကျင်းပရာ ရသေ့တောင်မြို့နယ် ဒေသချဲ့သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်သန်းက ဒေသဆိုင်ရာအချက်အလက်များနှင့် စေတီပြင် သင်္ဘောမြို့နှင့် ပိတောက်မြို့ကျေးရွာတို့၌ လေသောက်ပြေရှု အခြေအနေ၊ ထိခိုက်ပျက်စီးမှုများကို ပြန်လည်ပြင်ဆင်နိုင်ရှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးခင်မောင်သန်း မောင်တောမြို့၌ ကျင်းပပြည်နယ် ဒုတိယအကြိမ် အိမ်တိုင်ရာရောက် ကောက်သင်းကောက် ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးခြင်း အခမ်းအနားတွင် ကလေးငယ်များအား ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးစဉ်။ (သတင်းစဉ်)

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက တိုက်နယ်ဆေးရုံအဆောက်အအုံကို ကျန်းမာရေးဝန်ကြီး ဌာနမှမှချမှတ်ပေးသော ပုံစံအတိုင်းတည်ဆောက်ရေး၊ ဆရာဝန် လစ်လပ်ပါက ပြည်နယ်အနေဖြင့် ဆရာဝန်ကို အလှည့်ကျ စီစဉ်ထားရှိရေး၊ သင်္ဘောမြို့နှင့်ပိတောက်မြို့ပင် ကျေးရွာရှိ အိမ်ထောင်စုတိုင်း တာဝန်ပေး၍ တစ်အိမ်လျှင် ၁၀ ဧက နှုန်းဖြင့် ငါးနှစ်အတွင်း ရော်ဘာဧက ၅၀ အနည်းဆုံး စိုက်ပျိုးနိုင်ရေးနှင့် ရော်ဘာမစိုက်နိုင်သော နေရာများတွင် ခြစည်းရိုးကြက်ဆူဧက ၅၀စီ စိုက်ပျိုးသွားရေးတို့ကို မှာကြား သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက စေတီပြင်ကျေးရွာ၊ သင်္ဘောမြို့နှင့် ပိတောက်မြို့ပင် ကျေးရွာတို့မှ လေသောင့်မိသားစုများအတွက် နေအိမ်များ ပြန်လည်တည်ဆောက်ရန် ထောက်ပံ့ငွေကျပ် ၅၂၀၀၀၀ကို ကျေးရွာနှစ်ရွာမှ ကြီးကြပ်ရေးအဖွဲ့ဝင်များအား ပေးအပ်သည်။

ယင်းနောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည် နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေက စေတီပြင်ကျေးရွာမှ လေသောင့်မိသားစုများ၊ သင်္ဘောမြို့ပင် ကျေးရွာမှ လေသောင့်မိသားစုများနှင့် ပိတောက်မြို့ပင် ကျေးရွာမှ လေသောင့်မိသားစုများအတွက် အဝတ်အထည်နှင့် လူသုံးကုန်ဝတ္ထုပ်း ၁၁မျိုးစီပါဝင်သော ထောက်ပံ့ရေး ပစ္စည်းများနှင့် ခုနစ်ရက်စာ ဆန်ဖိုးငွေကို သက်ဆိုင်ရာ ကျေးရွာကိုယ်စားလှယ်များအား ပေးအပ်သည်။

ဆက်လက်၍ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က လေသောင့် မိသားစုများအတွက် ဆေးခွဲဆေးဝါးပစ္စည်း ၂၅မျိုးစီပါဝင်သော ဆေးသေတ္တာများကို စေတီပြင်တိုက်နယ်ဆေးရုံမှ ဒေါက်တာဒေါ်ခင်သူဇာအား ပေးအပ်သည်။

လေသောင့်သော စေတီပြင်၊ သင်္ဘောမြို့နှင့် ပိတောက် မြို့ကျေးရွာတို့မှ မိသားစုများအတွက် ထောက်ပံ့ပေးအပ် သောငွေနှင့်ထောက်ပံ့ပစ္စည်းများမှာ ရခိုင်ပြည်နယ် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက အိမ်ပြန်လည် တည်ဆောက်ရန်ငွေကျပ်၅၂၀၀၀၀ ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ် ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ထောက်ပံ့ ပစ္စည်း ၁၁မျိုးစီပါ ပစ္စည်းများနှင့် ခုနစ်ရက်စာ ဆန်ဖိုးငွေ အပါအဝင် စုစုပေါင်း တန်ဖိုး ၂၂၇၀၃၇ ကျပ် ၉၅ပြား၊ ကျန်းမာရေးဝန်ကြီးဌာနမှ ဆေးနှင့်ဆေးပစ္စည်းတန်ဖိုး ၂၀၀၀၀၀ စုစုပေါင်းတန်ဖိုး ၄၇၉၀၂၃ကျပ်နှင့် ၉၅ပြား ဖြစ်ကြောင်းသိရှိရသည်။

ဆက်လက်၍ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က စေတီပြင်ကျေးရွာ တိုက်နယ်ဆေးရုံ ဆေးပဒေသာပင်အတွက် စေတီပြင်ကျေးရွာမှ ဦးစံသာထွန်း မိသားစု၏ အလှူငွေကျပ် ၁၅၀၀၀၀၊ ဦးမောင်ခင်ဆော် မိသားစု၏ အလှူငွေကျပ်၁၃၀၀၀၀၊ ဦးမြကျော်စိန်(မေယုအား၊မာန် မိသား)စု၏ အလှူငွေကျပ်၁၂၀၀၀၀၊ ဦးမောင်ခင်သန်း မိသားစုနှင့် ဦးနေသူရိန်မိသားစုတို့၏ အလှူငွေကျပ် တစ်သိန်း စီတို့ကိုကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် က လက်ခံသည်။

ထို့နောက် အမှတ်(၁)အခြေခံပညာဦးစီးဌာန ညွှန်ကြား ရေးမှူး ဦးမျိုးညွှန့်က စေတီပြင်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း ကျောင်းဆောင်သစ်အတွက် စေတီပြင် ကျေးရွာမှ ဦးမောင်စော မိသားစု၊ ဦးသန်းဝင်းမိသားစု၊ ဦးခင်မောင်မိသားစု၊ ဦးမောင်အေးတင် မိသားစု၊ ဦးကျော်ဝင်း မိသားစုနှင့် ဦးမောင်ခင်ဝင်း မိသားစုတို့၏ လူဒါန်းငွေ ကျပ်တစ်သိန်းစီကိုလည်းကောင်း၊ စေတီပြင်ကျေးရွာ ပြည်သူ များ၏ စုပေါင်းလူဒါန်းငွေကျပ် ၁၀သိန်းကိုလည်းကောင်း စုစုပေါင်း ၁၆ သိန်းကို လက်ခံယူပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် အခမ်းအနားတက်ရောက်လာကြ သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့မှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် စေတီပြင်ကျေးရွာမှ အမြန်ရေယာဉ်ဖြင့် ထွက်ခွာကြရာ ရသေ့တောင်မြို့သို့ရောက်ရှိကြပြီး ရသေ့ တောင်မြို့ရှိ မြို့နယ်ပြည်သူ့ဆေးရုံသို့ သွားရောက်ကြည့်ရှု စစ်ဆေးသည်။

ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့်အဖွဲ့ဝင်များအား ဆေးရုံအုပ် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ နိုင်လင်းဗိုလ်နှင့် ကျန်းမာရေးဝန်ထမ်းများက ကြိုဆိုကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူးနှင့် ဝန်ကြီးများသည် အမျိုးသမီးလှုနာဆောင်၌ ဆေးကုသမှုခံယူနေကြသော အမျိုးသမီးလှုနာများအား ဖြည့်စွက်အာဟာရ အစားအစာများ ထောက်ပံ့ပေးအပ်ပြီး ကျန်းမာရေးအခြေခံနေရာများ မေးမြန်းအားပေးသည်။

ယင်းနောက် ခွဲစိတ်ခန်း၊ ဆေးသိုလှောင်ခန်းနှင့် ဓာတ်မှန်ခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဒုတိယ ဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် ကျန်းမာရေးဝန်ကြီး ဒေါက်တာ ကျော်မြင့်တို့က လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်း စီမံပေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူးနှင့် ဝန်ကြီးများသည် အမျိုးသားလှုနာဆောင်၌ လူနာများအား အာဟာရအစားအစာများ ထောက်ပံ့ပေးအပ်ကြပြီး ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က ဆေးရုံအတွက်အရေးပေါ်ဆေးနှင့်ဆေးဝါးပစ္စည်းများ ငွေကျပ် ၂၀၀၀၀၀၀ ဖိုးကိုပေးအပ်ရာ မြို့နယ်ကျန်းမာရေးဦးစီး ဌာနမှူးက လက်ခံယူသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် အဖွဲ့ဝင်များလိုက်ပါလျက် ရသေ့တောင်မြို့မှ စစ်ကွေ့မြို့သို့ အမြန်ရေယာဉ်ဖြင့်ထွက်ခွာပြီးညပိုင်း၌ စစ်ကွေ့မြို့ရှိ လောကာနန္ဒာစေတီတော်အား သွားရောက်ဖူးမြော်ကြည်ညိုသည်။

ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များက ကြိုဆိုကြပြီး ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် ဗုဒ္ဓရုပ်ပွားတော်အား ပန်း၊ ရေနှမ်းကပ်လှူ ပူဇော်ကာ စေတီတော်အား လက်ယာရစ်တစ်ပတ် လှည့်လည် ကြည်ညိုသည်။

ထို့နောက် စေတီတော်အတွက် အလှူတော်ငွေများကို ပေးအပ်လှူဒါန်းပြီး ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းအား တပေါင်းလဉ်ကျင်းပခဲ့သော လောကာနန္ဒာစေတီတော် ထီးတော်ရောင်တော်ဖွင့် မှတ်တမ်းတင်မိန့်ခွန်းကို စစ်ကွေ တပ်နယ်မှ ဗိုလ်မှူးချုပ်သန်းထွန်းအောင်က ပေးအပ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် ဝန်ကြီးများသည် လောကာနန္ဒာစေတီတော် ဧည့်မှတ်တမ်း တွင် လက်မှတ်ရေးထိုးကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် လောကာနန္ဒာစေတီတော် ပရိဏဏ် အတွင်း အောင်စကြာမုခီသိမ်တော်အတွင်းရှိ စကြာမုခီရုပ်ပွားတော် အား သွားရောက်ဖူးမြော်ကြည်ညိုပြီးနောက် ဂေါပကအဖွဲ့ဝင် များက ရုပ်ပွားတော်၏ သရဖိုင်းကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် စစ်ကွေ့မြို့ရှိ အတုလမလာရုံခိန် ပြည်လုံး ချမ်းသာဘုရားကြီးသို့သွားရောက်၍ ပန်း၊ ရေနှမ်း၊ ဆီမီး ကပ်လှူပူဇော်ပြီး ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက ရုပ်ပွားတော်ကြီးအား လုံးတော်ပြည့်ဖူးမြော်ကြည်ညိုခိုင်အောင်၊ ပိုမိုကြည်ညိုသပ္ပာယ်ဖွယ်ဖြစ်အောင် လျှပ်စစ်မီးဆလိုက်များ စီစဉ်ဆောင်ရွက်ထားရှိရန် တာဝန်ရှိသူများအား မှာကြား သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ဘုရားကြီးအတွက် အလှူတော်ငွေများ ထည့်ဝင် လှူဒါန်းကြပြီး ဧည့်သည်တော်မှတ်တမ်း၌ လက်မှတ် ရေးထိုးကြသည်။

(သတင်းစဉ်)

အချိန်မီပါသေးတယ်

ပေါ်ဦးထွန်း(မင်းကိုနိုင်)

မင်းမှတ်မိမလားတော့ မတြေတတ်ဘူး။ အင်းစိန်ထောင် အထူးဆောင် ၁၀ ခန်းတွဲတိုက်မှာ နေခဲ့ကြတုန်းက ည ၉ နာရီ အိပ်ချိန်မပေးခင် တစ်ခန်းနဲ့တစ်ခန်း တို့အချင်းချင်း စကားစမြည် အပြန်အလှန် အော်ပြောဖြစ်ခဲ့ကြတာတွေကို ငါဆော့မှတ်မိနေတုန်းပဲ။

အထူးသဖြင့် မင်းနဲ့ စစ်ကိုင်းတိုင်း၊ တန့်ဆည်ဖြို့နယ်က NLD ကိုယ်စားပြုအရွေးချယ်ခံ အမတ်ဘောင်းဘီချွတ်ကြီးတစ်ဦးတို့ရဲ့ အပေါက်အလမ်းမတည့်တဲ့ နိုင်ငံရေးအမြင်ဖလှယ်မှု စကားနာထိုးပွဲက အကြောင်းအရာတွေကို ငါပြန်ပြီးကြားယောင်နေမိတယ်။ မင်းအဲဒီ တုန်းက ဒေါ်စုကြည်နဲ့ ဦးတင်ဦးကို ဘယ်လိုဝေဖန်သုံးသပ်ခဲ့သလဲ၊ ဗီဇမမှန်တဲ့ ဒီမိုကရေစီသမားတွေလို့ ပြောခဲ့တာလေ။

ရှင်းရှင်းပြောရရင် မင်းကိုယ်မင်း နိုင်ငံရေးပါးမဝမှန်း မင်း အသိဆုံးပါ ပေါ်ဦးထွန်းရာ။ အရိုးရင်အမွေးရှည်ဗဟုပယူဂျီသက်ခိုင်တို့၊ ဓော်ဇင်တို့နဲ့ နိုင်ငံရေးအကြောင်းတွေပြောကြတဲ့အခါ မင်းအဆင့် ဘယ်လောက်ရှိမှန်း မင်းသိခဲ့ပြီးသားပဲ။ နောက်တစ်ခါ မင်းခေါင်း ထဲမှာရှိနေတဲ့ နိုင်ငံရေးသဘောတရားဆိုတာကရော ဘာကိုအခြေခံ ထားတဲ့ နိုင်ငံရေးသဘောတရားလဲ။ လက်ဝဲလား၊ လက်ယာလား၊ လစ်ဘရယ်ဒီမိုကရေစီလား ။ မင်းဘက်က အမှန်အတိုင်းဖြေရင် မင်းနဲ့အလွမ်းသင့်တဲ့ အသံလွှင့်ဌာနတစ်ခုခုကနေ ပြန်ဖြေပြလိုက်ပါ၊ မင်းအဖြေပေါ်မူတည်ပြီး ထပ်ဆွေးနွေးကြတာပေါ့။

မင်းအနေနဲ့ ၁၉၉၀ပြည့်နှစ် ရွေးကောက်ပွဲအကြို ပြည်တွင်း ပါတီနိုင်ငံရေးအရှုပ်တော်ပုံ ဇာတ်လမ်းစုံကြီးထဲမှာ ပါဝင်ခွင့်မရလိုက် ဘဲ ၈၈ အရေးအခင်း အမှုမပြယ်သေးတဲ့အချိန်မှာ ထောင်ထဲကို ရောက်လာခဲ့ပြီး ထောင်ထဲရောက်မှ ဟိုလူပြောစကား ဒီလူပြော စကားတွေ၊ ထောင်ဝင်စာကတစ်ဆင့် ဟိုစပ်စပ်ဒီစပ်စပ် ကြားရ ချက်တွေကို ဟိုတစ်စဒီတစ်စ ဆက်စပ်ရင်း ပြည်တွင်းနိုင်ငံရေး အခြေအနေတွေအပေါ် ခဲကောက်ကြောင်းခြွစ်မိခဲ့တာ မဟုတ်ဘူးလား၊ မင်းရဲ့သံတိုင်ကြားက နိုင်ငံရေးအမြင်တွေဟာ ပကတိအရှိတရား တွေနဲ့တော့ ကင်းကွာနေတာအမှန်ပဲ ကိုယ့်လူရေ။

မင်းတို့ လက်သုံးစကားဖြစ်တဲ့ ပြည်သူလူထုဆိုတဲ့ စကားကိုပဲ ပြန်သုံးပြီး ပြောကြစတမ်းဆိုရင် မင်းတို့ရဲ့စိတ်ထဲက တိုင်းပြည်နဲ့ လူမျိုး ကောင်းစားစေချင်တဲ့ စိတ်ဓာတနာအပေါ် ဘာမှသံသယ မရှိပေမယ့် ပြည်သူလူထုအတွက် မင်းတို့ရဲ့ လုပ်ဆောင်ချက်တွေက သံသယဝင်စရာတွေဖြစ်နေတယ်။ မင်းကိုယ်မင်း သိပ်ထင်နေတယ် ဆိုရင်တော့ မြန်မာပြည်အပြင်ဘက်ထွက်ပြီး တည်ဆဲအစိုးရ ဆန့်ကျင်ရေးအလုပ်ကို လုပ်ကြည့်လိုက်ပါ။ မင်းကိုယ်မင်း ဘယ်နလခံ နိုင်ငံရေးသမားလဲဆိုတာကို မင်းကောင်းကောင်း သဘောပေါက်သွားပါလိမ့်မယ်။ မယုံရင် သွားကြည့်လိုက် သူငယ်ချင်း။ ဆင်ဖမ်းမယ်ကျားဖမ်းမယ်ဆိုပြီး ထွက်သွားတဲ့ ဟိုကောင်ကြီး ခိုးသီးဇွန်း လည်း နောက်ဆုံးတော့ အဓမ္မရိကန်မှာ ပြည်ပေးဘဝနဲ့ ဂိတ်ဆုံးရတာပဲ မဟုတ်ဘူးလား။

လူတစ်ဦးချင်းရဲ့ လိုဘမပြည့်မှုတွေကို ရှေ့တန်းတင်ပြီး တည်ဆဲ အစိုးရကို ပြစ်တင်ဝေဖန်တာမျိုးကတော့ မင်းပြောမှမဟုတ်ပါဘူးကွာ။ မီးမလာလို့ တီဗွီက ကိုရီးယားဇာတ်လမ်းတွဲမကြည့်ရတဲ့ ငါ့သမီး အငယ်မလည်း ပြောတတ်တာပါပဲ။ နိုင်ငံသားတစ်ယောက်ရဲ့ လိုအင် ဆန္ဒမှန်သမျှကို ဖြည့်ဆည်းပေးနိုင်တဲ့အစိုးရမျိုး ဘယ်နိုင်ငံမှာများ ရှိလို့လဲကွာ။

နိုင်ငံသူ၊ နိုင်ငံသားတွေနဲ့ နိုင်ငံတော်အစိုးရကြားမှာ အပြန်အလှန် သည်းခံနားလည်ပေးရတာတွေ ရှိစမြဲပါပဲ။ ဘယ်နိုင်ငံမျိုးမှာမှ နိုင်ငံသား တစ်ယောက်ကို ဘာမဆိုအားလုံးနီးပါး ခွင့်ပြုလိုက်လျောတတ်ခြင်း (Permissiveness) **ဆိုတဲ့ အခွင့်အရေးမျိုး မပေးထားဘူး။ ဒီကနေ့ တည်ဆဲအစိုးရအနေနဲ့ မြေပေါ်နိုင်ငံရေး အင်အားစုတွေအပေါ်ထားတဲ့ သဘောထားကို လေ့လာကြည့်လိုက်ရင် လူတစ်ယောက်ရဲ့ လိုအင်ဆန္ဒ၊ ဒါမှမဟုတ် လူတစ်စုရဲ့လိုအင်ဆန္ဒတွေဟာ အများပြည်သူရဲ့ လိုလား တောင့်တချက်နဲ့ မကိုက်ညီသည့်တိုင်အောင် ဒီမိုကရေစီရဲ့ အခြေခံ အချက်တွေကို ဦးစွန်းမှုမရှိဘူးဆိုရင် အဲဒီလူတစ်ယောက်၊ လူတစ်စုရဲ့ ဝေဖန်ဆန့်ကျင် ပုတ်ခတ်မှုတွေကို မသိချင်ယောင်ဆောင်ပေးနေတာကို တွေ့ရလိမ့်မယ်။**

အဝေးကြီးမကြည့်နဲ့၊ မင်းတို့၊ မြေးတို့၊ ဒွေးကြွယ်တို့၊ ကိုကိုကြီးတို့ အုပ်စုဖွဲ့ပြီး ၈၈ မျိုးဆက်ကျောင်းသား ဘာညာနဲ့ လုပ်စားနေကြတာ ကိုပဲကြည့်။ မင်းတို့တစ်တွေ တရားမဝင် အသင်းအဖွဲ့အစည်းခံပြီး ပြည်ပမီဒီယာပေါင်းစုံမှာ ပြောချင်ရာ ပြောခွင့်ရနေတာဟာ တည်ဆဲ အစိုးရဘက်က နားလည်သည်းခံပေးခြင်း တစ်မျိုးပဲလေ။ ဒါကို မင်းတို့အနေနဲ့ တန်ဖိုးရှိရှိ အသုံးချစေချင်တယ်။

ပုဂ္ဂိုလ်စွဲ၊ ဆန္ဒစွဲ၊ ဂိုဏ်းဂဏစွဲတွေ ရှေ့တန်းတင်ပြီး တစ်ကိုယ်ရေ ထင်ပေါ်ကျော်စောမှုအတွက် လူပေါ်လူဇော်ဝင်လုပ်တာမျိုး၊ ထလုပ်တာ မျိုးကတော့ နိုင်ငံရေးအချောင်သမား စုန်းပြုံးတွေ လုပ်တတ်တဲ့ အကျင့်ဆိုးတွေပဲလို့ နားလည်ထားတယ်။

မင်းတို့အုပ်စုအနေနဲ့ ကိုယ့်တိုင်းပြည်၊ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုး အမှန်တကယ်ကောင်းစားစေချင်ရင် ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးရဲ့ ပကတိ အရှိတရားနဲ့ ခေတ်ကာလလိုအပ်ချက်တွေကို အကောင်းမြင် အပြုသဘောဆောင်တဲ့ ရပ်တည်ချက်နဲ့ လုပ်သင့်တယ်။ နယ်ချဲ့လက်သစ်တွေ ခင်းပေးတဲ့ လမ်းပေါ်မှာ လူရာဝင်လိုမှုနဲ့ အသုံးချခံမဖြစ်သင့်ဘူး။

မင်းတို့ ပြည်ပအားကိုးပုဆိန်ရိုးလို့ စွပ်စွဲနေတာမဟုတ်ဘူးနော်။

ဒါပေမယ့် မင်းတို့အနေနဲ့ ဘယ်သူတွေခင်းပေးတဲ့ လမ်းကြောင်း အတိုင်း လျှောက်မိလျက်သားဖြစ်နေတယ်ဆိုတာကို မင်းတို့သုံးသပ်လို့ ရအောင် ထောက်ပြချင်တာလေးတွေရှိတယ်။ ဒီကနေ့ တိုနိုင်ငံရဲ့ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်တွေအပေါ် အပြုသဘော မဆောင်တဲ့အပြင် ဖျက်လိုဖျက်ဆီးလုပ်နေတဲ့ အနောက်အုပ်စု အင်အားကြီးနိုင်ငံအချို့ဟာ သူတို့လိုချင်တဲ့ နိုင်ငံရေးပုံစံသွတ်သွင်းဖို့နဲ့ သူတို့ကြိုးဆွဲရာကမယ့်သူကို ခေါင်းဆောင်တင်ဖို့အတွက် ဘာတွေ လုပ်နေသလဲဆိုတာ မင်းသိပြီးသားပါ။ ဒါကို မင်းတို့က ဒီလိုမြင်ရင်မှ တော့ မြင်လိမ့်မယ်။

မင်းတို့အုပ်စုအနေနဲ့ ကိုယ့်တိုင်းပြည်၊ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုး အမှန်တကယ် ကောင်းစားစေချင်ရင် ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးရဲ့ ပကတိ အရှိတရားနဲ့ ခေတ်ကာလလိုအပ်ချက်တွေကို အကောင်းမြင် အပြုသဘောဆောင်တဲ့ ရပ်တည်ချက်နဲ့ လုပ်သင့်တယ်။ နယ်ချဲ့လက်သစ်တွေ ခင်းပေးတဲ့ လမ်းပေါ်မှာ လူရာဝင်လိုမှုနဲ့ အသုံးချခံမဖြစ်သင့်ဘူး။

ဝတ္ထုမင်းခေါင်

ဆိုကေ့ကာ...

အချက်အလက်အရပဲပြောမယ်ကွာ။ Soros Foundationဆိုတာ မင်းသိမှာပေါ့။ အရှေ့တောင်အာရှရဲ့ ငွေကြေးစျေးကွက်ကို ခြေမွှ ဖျက်ဆီးခဲ့တဲ့ အမေရိကန်က သန်းကြွယ်သူဌေးကြီး Gorge Soros ကိုယ်တိုင် ၁၉၇၉ ခုနှစ်တုန်းက နယူးယောက်ပြို့မှာ စတင်ထူထောင်ခဲ့တဲ့ အဖွဲ့အစည်း၊ CIA ညွှန်ကြားရေးမှူးလုပ်ခဲ့ဖူးတဲ့ အမေရိကန်သမ္မတကြီး ကိုယ်တိုင် အခါတော်ပေး လမ်းညွှန်မှုတွေလုပ်ခဲ့တဲ့ အဖွဲ့ကြီးပဲ။

ထူခြားတာတစ်ခုကတော့ အဲဒီအဖွဲ့ကြီးဟာ ငွေကြေးရင်းနှီး မြှုပ်နှံမှုအားကောင်းကောင်း၊ ၁၉၈၄ခုနှစ်မှာ ဟန်ဂေရီနိုင်ငံ၊ ၁၉၈၅ ခုနှစ်မှာ ဆိုဗီယက်ယူနီယံတို့မှာ စီးပွားရေးလုပ်ငန်းတွေ ဝင်ရောက် လုပ်ကိုင်ခဲ့တယ်။ အဲ-သိပ်မကြာလိုက်ဘူး။ ဟန်ဂေရီမှာရှိတဲ့ ဆို့ရှယ်လစ်အစိုးရ ဗုန်းဗုန်းလဲခဲ့ရသလို ဆိုဗီယက်ယူနီယံကြီးလည်း တစ်စစီဖြစ်သွားခဲ့ရရှာတယ်။ ဒီလောက်ဆို အဲဒီအဖွဲ့ ဘယ်လောက် အဆိပ်ပြင်းသလဲဆိုတာ မင်းခန့်မှန်းလို့ ရလောက်ပါတယ်။ အသေးစိတ် လုပ်နည်းလုပ်ဟန်တွေ၊ အဖြစ်အပျက်တွေကို သိချင်ရင်တော့ ကြိုတဲ့ တစ်နေ့ ပြောပြမယ်။

ဒီကနေ့ တို့နိုင်ငံအတွင်းအပြင်က မင်းတို့လို ဒီမိုကရေစီရေး လှုပ်ရှားသူတွေကို ပေးကမ်းထောက်ပံ့မှုတွေ လုပ်ပေးနေတဲ့ ပြည်ပက အမည်အမျိုးမျိုးခံ အဖွဲ့အစည်းတွေဟာ Soros Foundation **နဲ့ တိုက်ရိုက်တစ်မျိုး၊ သွယ်ဝိုက်တစ်နည်းပတ်သက်နေတယ်။ အထူးသဖြင့် ခြေတံလက်တံရှည်လွန်းတဲ့** Open Society Institute(OSI) **အဖွဲ့ဟာ မြန်မာပြည်ဖျက်စီမံကိန်းအတွက်** Soros Foundation **ရဲ့ တိုက်ရိုက် ထောက်ပံ့မှုရရှိထားတဲ့ အဖွဲ့ပဲ။**

နယ်စပ်တစ်လျှောက်နဲ့ ပြည်ပနိုင်ငံအသီးသီးမှာ ရှိနေကြတဲ့ တည်ဆဲအစိုးရ ဆန့်ကျင်ရေးအဖွဲ့အစည်းပေါင်းစုံ ရပ်တည်ရေးကို ကျောထောက်နောက်ခံပြုပေးနေတာဟာ Open Society Institute (OSI) **အဖွဲ့ဖြစ်တယ်ဆိုတာကို ဘယ်သူမှမငြင်းနိုင်ဘူး။** NCGUB, NCUB, NLD(LA), ABSDF, DAB, KNU, ABSU, AAPP, MPU, FTUB, DPNS **စတဲ့ ပြည်ပပြေးအဖွဲ့အစည်းပေါင်းစုံ အပါအဝင် တည်ဆဲမြန်မာအစိုးရ ဆန့်ကျင်ရေးမီဒီယာတွေနဲ့ အသံလွှင့် လုပ်ငန်းတွေအားလုံးဟာ** Open Society Institute(OSI) **အဖွဲ့ရဲ့ အထောက်အပံ့နဲ့ ရပ်တည်နေတာ။ ပြည်တွင်းက အချို့နိုင်ငံရေး ပါတီတွေ၊ ပုဂ္ဂိုလ်တွေလည်း မကင်းဘူး။**

Burma Project အမည်ပေါက် မြန်မာပြည်ဖျက် စီမံကိန်း အကြောင်းလည်း ထည့်ပြောဖို့ လိုလိမ့်မယ်ထင်တယ်။ ပြည်ပြေး မွေးမြူရေးနဲ့ မြန်မာပြည်ဖျက်ဆီးရေးလုပ်ငန်းပေါင်းစုံကို လုပ်ဆောင် ဖို့အတွက် Burma Project အနေနဲ့ ငွေတွေ ပုံအော်သုံးခဲ့ပေမယ့် ထင်သလောက် ခရီးမရောက်ခဲ့ဘူး။ ၁၉၉၇ခုနှစ် ဇန်နဝါရီလတုန်းက အမေရိကန်ကနေ မြန်မာပြည်ကိုရောက်လာပြီး ရန်ကုန်မှာရှိနေတဲ့ ဒေါ်စုကြည်ထံကို သူ့အနီးကပ် လူယုံတော်တွေဖြစ်တဲ့ မြင့်ဆွေတို့၊ ငယ်မမသန်းတို့၊ ချိုအောင်သန်းတို့ကနေတစ်ဆင့် အမေရိကန်ဒေါ်လာ ရှစ်သောင်းနဲ့ နိုင်ငံရေးဆိုင်ရာ စာအုပ်စာတမ်းတွေ လာပို့ပေးခဲ့သူ အမေရိကန်နိုင်ငံသား Phillip Robertson တို့၊ ဗန်ကောက်အခြေစိုက် Asian American Free Labour Institute(AAFLI) က John Vincent Osolnick တို့ဆိုတာ ဘယ်လိုလူစားတွေလဲ။ နာမည် ဘယ်နှမျိုးနဲ့ လုပ်စားနေကြတဲ့သူတွေလဲ၊ ဘယ်အဖွဲ့ကို ကိုယ်စားပြု နေသူတွေလဲဆိုတာကို သူတို့နဲ့ ပလူးပလဲလုပ်နေသူတွေ အသိဆုံးပဲ။ ဒါ့အပြင် နိုင်ငံတကာက ပြည်ပြေးပေါင်းစုံကို သုံးလတစ်ကြိမ် ထောက်ပံ့မှုတွေလိုက်ပေးနေတဲ့ ပြည်ပြေးဗိန်မြင့်ကရော ဘယ်အဖွဲ့ကို ကိုယ်စားပြုထားသူလဲ။

ပေါ်ဦးထွန်း

မြန်မာပြည်တွင်းက ပါတီနိုင်ငံရေးလောက နိုင်ငံရေးလှုပ်ရှားမှု တွေမှာ ပြည်ပပယောဂမကင်းဘူးဆိုတာကို မင်းကိုယ်တိုင် သိသိကြီးနဲ့ ဝက်မြိန်းမြိန်းနေတာတွေရှိတယ်။ ဥပမာ-မင်းတို့အုပ်စု လှုပ်ရှားမှုတွေကို ပြည်ပမီဒီယာတွေကတစ်ဆင့် ကျယ်ကျယ်ပြန့်ပြန့်ဖြစ်အောင် လုပ်နိုင်ဖို့ ဘယ်အဖွဲ့အစည်း၊ ဘယ်လမ်းကြောင်းတွေ၊ ဘယ်လိုလူတွေနဲ့

မင်းတို့အုပ်စုအနေနဲ့ ကိုယ့်တိုင်းပြည်၊ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုး အမှန်တကယ် ကောင်းစားစေချင်ရင် ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးရဲ့ ပကတိ အရှိတရားနဲ့ ခေတ်ကာလလိုအပ်ချက်တွေကို အကောင်းမြင် အပြုသဘောဆောင်တဲ့ ရပ်တည်ချက်နဲ့ လုပ်သင့်တယ်။ နယ်ချဲ့လက်သစ်တွေ ခင်းပေးတဲ့ လမ်းပေါ်မှာ လူရာဝင်လိုမှုနဲ့ အသုံးချခံမဖြစ်သင့်ဘူး။

ဘယ်နည်းဘယ်ပုံ အချိတ်အဆက်လုပ်
အတိုင်း လုပ်နေကြတယ်ဆိုတာကို
နယ်ချဲ့လက်သစ် သူလျှိဆိုတဲ့
လက်တံရှည်ပြီး ဘယ်လိုရပ်ဖျက်
မင်းလည်း အချဉ်မှမဟုတ်ဘဲကွာ။
တာပဲ။ တို့ကောင်တွေ ထောင်ထဲမှာ
ခုနှစ်လုံးချပြီး နှစ်ကိုယ်ကြားစကား
လေ့လာရေးလာကြသူ ဘာအဖွဲ့၊ ဘာ
အောင်တတ်တဲ့ ကိုယ်စားလှယ်ဆိုတဲ့
ဘာစကားမျိုးတွေ ပြောခဲ့ဖူးလဲ။

ဆိုလိုချင်တာက နေရာတကာမှာ
ပိုက်ကွန်တွေ ဖြန့်ကြက်ထားနိုင်တယ်
အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းတွေ
လမ်းကြောင်းကို တွန်းပို့နိုင်ရုံတင်မဟ
ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစ
ခြေပုန်းခုတ်နိုင်နေတယ်။ ဒါတင်မ
အဖွဲ့အစည်းနဲ့ လူပုဂ္ဂိုလ်တွေကိုလည်း
တွေအပေါ် စွက်ဖက်ဖိအားပေးတာမ

အနီးကပ်ဆုံးနဲ့ အထင်ရှားဆုံး
ပြည်ထောင်စုက National End
(NED) ဆိုတဲ့ အဖွဲ့ကိုပဲကြည့်။ အဲ
တာက အမေရိကန်နိုင်ငံခြားရေးဌာန
အမေရိကန်ကွန်ဂရက်က အများဆုံး
ငွေကြေးအင်အားတောင့်တင်းတဲ့ NG
ပေးကြတယ်။

NED အဖွဲ့အနေနဲ့ ရရှိလာတဲ့ ရ
တွေမှာ သန်းချီသုံးစွဲခဲ့တယ်မှတ်လဲ။ နှ
သောင်းကျန်းသူ အဖွဲ့အစည်းပေါင်း
မြန်မာပြည်ပြေး လက်သစ်လက်ဟော
လုပ်ရပ်တွေ၊ မြန်မာနိုင်ငံရဲ့ ပြည်တွင်
နိုင်ငံတကာက မြန်မာနိုင်ငံအစိုးရအ
လုပ်လာအောင် ဦးဆောင်ဦးရွက်လုပ်

- International Republi
- National Democratic
- Albert Einsteln Institu
- Asian Information Ne
- Human Right Watch
- Burma Watch
- Organization of Peace

Burma Political De

ဆိုတဲ့အဖွဲ့တွေ၊ လုပ်ငန်းတွေမှာ ပုံ
တွေအရ ပြောရရင် ၁၉၉၇ခုနှစ် ဖွင့်
အမေရိကန်အထက်လွှတ်တော် အစ
ဘက္ကာရေးနှစ်ကစပြီး NED အဖွဲ့
ဆန့်ကျင်ရေးအင်အားစုတွေကို နှစ်စဉ်
ဆုံးဖြတ်ခဲ့တယ်။ တည်ဆဲအစိုးရကိုက
လုပ်ပြီး တိုင်းဖျက်ပြည်ဖျက်တွေကျ
ပေးကမ်းနေတာတွေဟာ မြန်မာပြည် ဒီ
လုပ်တာလား။ မြန်မာပြည်သူတွေကို

**NED အဖွဲ့ဟာ အဓိကနည်း
ဦးဆောင်နေတဲ့ မြန်မာနိုင်ငံကို နိုင်ငံ
ဖြစ်စေရေးအတွက် နိုင်ငံတကာအသံ
ဦးဆောင်လမ်းညွှန်စည်းရုံးမှုပေးတဲ့ နှ
နေတယ်။ အဲဒီကနေတစ်ဆင့် ပြည်
တွေကို အမာခံထားပြီး ပြည်သူလူထု
တွေကနေတစ်ဆင့် ဆူပုအုံကြွမှုတွေ
နည်းလမ်းတွေကို စဉ်ဆက်မပြတ်
နေတယ်။ အကောင်အထည်ဖော်တဲ့**

- **အစိုးရမဟုတ်သော နိုင်
နောက်ကွယ်က ကြိုးကိုင်
စေခြင်း**
- **တိုက်ရိုက်ကွပ်ကဲမှုရှိသော
စေခြင်း**
- **နိုင်ငံတကာမှ အထင်က
သိမ်းသွင်းဆောင်ရွက်ခြင်း**
- **လက်ရွေးစင်များကို တာ
ဆိုတဲ့လုပ်နည်းလုပ်ဟန်တွေနဲ့ အကော**

ဆိုရင် ဒီကနေ့ ပြည်တွင်း ပြည်ပက
တွေဟာ ဘာသဘောလဲဆိုတာကို မင်း
လက်ရွေးစင်များကို တာဝန်သတ်
ပတ်သက်လို့ ပြောစရာရှိလာတာက မ

ဘယ်နည်းဘယ်ပုံ အချိတ်အဆက်လုပ်နေတယ်၊ ဘယ်လိုလမ်းညွှန်မှုတွေ အတိုင်း လုပ်နေကြတယ်ဆိုတာကို မင်းအသိဆုံးပဲ။

နယ်ချဲ့လက်သစ် သူလျှိုဆိုတဲ့ကောင်တွေ ဘယ်လောက်ခြေတံလက်တံရှည်ပြီး ဘယ်လိုရုပ်ဖျက် ပုံဖျက်ကောင်းသလဲဆိုတာကို မင်းလည်း အချဉ်မမဟုတ်ဘဲကွာ။ ထောင်ထဲမှာကတည်းက သိနေတာပဲ။ တို့ကောင်တွေ ထောင်ထဲမှာရှိခဲ့စဉ်က သရက်ပင်အောက်မှာ ခုံနှစ်လုံးချပြီး နှစ်ကိုယ်ကြားစကားတွေပြောခဲ့ကြတဲ့၊ ထောင်ထဲကို လေ့လာရေးလာကြသူ ဘာအဖွဲ့၊ ညာအဖွဲ့က မြန်မာစကား မွှတ်နေအောင်တတ်တဲ့ ကိုယ်စားလှယ်ဆိုတဲ့ကောင်တွေ မင်းတို့၊ ငါတို့ကို ဘာစကားမျိုးတွေ ပြောခဲ့ဖူးလဲ။

ဆိုလိုချင်တာက နေရာတကာမှာ နယ်ချဲ့လက်သစ်တွေရဲ့ သူလျှိုပိုက်ကွန်တွေ ဖြန့်ကြက်ထားနိုင်တယ်ဆိုတဲ့ အချက်ပဲ။ သူတို့က အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းတွေထဲကို စိမ့်ဝင်ပြီး သူတို့လိုရာလမ်းကြောင်းကို တွန်းပို့နိုင်ရဲတင်မဟုတ်ဘူး။ လွှမ်းမိုးထားနိုင်သလို ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းတွေရဲ့ နောက်ကွယ်မှာလည်း ခြေပုန်းခုတ်နိုင်နေတယ်။ ဒါတင်မကဘူး အစိုးရနဲ့ပတ်သက်တဲ့ အဖွဲ့အစည်းနဲ့ လူပုဂ္ဂိုလ်တွေကိုလည်း ချဉ်းကပ်စည်းရုံးပြီး ပစ်မှတ်နိုင်ငံတွေအပေါ် စွက်ဖက်ဖိအားပေးတာမျိုးတွေ လုပ်နိုင်ခဲ့တယ်။

အနီးကပ်ဆုံးနဲ့ အထင်ရှားဆုံး သာဓကကိုပြရရင် အမေရိကန် ပြည်ထောင်စုက National Endowment For Democracy (NED) ဆိုတဲ့ အဖွဲ့ကိုပဲကြည့်။ အဲဒီအဖွဲ့ကို အဓိက ကြီးကိုင်ထားတာက အမေရိကန်နိုင်ငံခြားရေးဌာန။ ရန်ပုံငွေအတွက်ကိုကျတော့ အမေရိကန်ကွန်ဂရက်က အများဆုံး ထောက်ပံ့ပေးထားပြီး အခြားသောငွေကြေးအင်အားတောင့်တင်းတဲ့ NGO အဖွဲ့တွေက ဝိုင်းပြီး ဒကာခံပေးကြတယ်။

NED အဖွဲ့အနေနဲ့ ရရှိလာတဲ့ ရန်ပုံငွေဒေါ်လာတွေကို ဘယ်နေရာတွေမှာ သန်းချီသုံးစွဲခဲ့တယ်မှတ်လဲ။ နယ်စပ်မှာရှိနေတဲ့ လက်နက်ကိုင် သောင်းကျန်းသူ အဖွဲ့အစည်းပေါင်းစုအပါအဝင် နိုင်ငံတကာရောက် မြန်မာပြည်ပြေး လက်သစ်လက်ပောင်းတွေရဲ့ တိုင်းဖျက်ပြည်ဖျက် လုပ်ရပ်တွေ၊ မြန်မာနိုင်ငံရဲ့ ပြည်တွင်းရေး မတည်မငြိမ်ဖြစ်အောင်နဲ့ နိုင်ငံတကာက မြန်မာနိုင်ငံအစိုးရအပေါ် ဖိအားပေး ဆန့်ကျင်မှုတွေ လုပ်လာအောင် ဦးဆောင်ဦးရွက်လုပ်နေတဲ့-

- International Republican Institute
- National Democratic Institute
- Albert Einsteln Institute
- Asian Information Network
- Human Right Watch
- Burma Watch
- Organization of Peace and National Developing Burma Political Defiance Programme

ဆိုတဲ့အဖွဲ့တွေ၊ လုပ်ငန်းတွေမှာ ပုံအောအသုံးချခဲ့တယ်။ မှတ်တမ်းတွေအရ ပြောရရင် ၁၉၉၇ခုနှစ် ဇွန်လ ၂၄ ရက်နေ့မှာ ကျင်းပခဲ့တဲ့ အမေရိကန်အထက်လွှတ်တော် အစည်းအဝေးကနေ ၁၉၉၈ ခုနှစ် ဘဏ္ဍာရေးနှစ်ကစပြီး NED အဖွဲ့ကနေတစ်ဆင့် မြန်မာအစိုးရဆန့်ကျင်ရေးအင်အားစုတွေကို နှစ်စဉ် ဒေါ်လာငါးသန်း ထောက်ပံ့ဖို့ ဆုံးဖြတ်ခဲ့တယ်။ တည်ဆဲအစိုးရကိုကျတော့ ပိတ်ဆို့အရေးယူမှုတွေ လုပ်ပြီး တိုင်းဖျက်ပြည်ဖျက်တွေကျတော့ အဲဒီလို ရက်ရက်ရောရော ပေးကမ်းနေတာတွေဟာ မြန်မာပြည် ဒီမိုကရေစီရှင်သန်ထွန်းကားအောင် လုပ်တာလား။ မြန်မာပြည်သူတွေကို စေတနာထားတာလား၊ကွာ။

NED အဖွဲ့ဟာ အဓိကနည်းဗျူဟာအဖြစ် တည်ဆဲအစိုးရ ဦးဆောင်နေတဲ့ မြန်မာနိုင်ငံကို နိုင်ငံရေးနဲ့စီးပွားရေးအရ အထီးကျန်ဖြစ်စေရေးအတွက် နိုင်ငံတကာအသိုင်းအဝိုင်းရဲ့ ဖိအားပေးမှုရရှိဖို့ ဦးဆောင်လမ်းညွှန်စည်းရုံးမှုပေးတဲ့ နည်းလမ်းကို ကျင့်သုံးဆောင်ရွက်နေတယ်။ အဲဒီကနေတစ်ဆင့် ပြည်ပြေးတွေ၊ ပြည်တွင်းက ပုဆိန်ရိုးတွေကို အမာခံထားပြီး ပြည်သူလူထုအတွင်း အထွေထွေမကျေနပ်မှုတွေကနေတစ်ဆင့် ဆူပူအုံကြွမှုတွေ ဖြစ်လာအောင် လှုံ့ဆော်တဲ့ နည်းလမ်းတွေကို စဉ်ဆက်မပြတ် ကွပ်ကဲအကောင်အထည်ဖော်နေတယ်။ အကောင်အထည်ဖော်တဲ့နေရာမှာလည်း-

- **အစိုးရမဟုတ်သော နိုင်ငံတကာ အဖွဲ့အစည်းများကို နောက်ကွယ်က ကြိုးကိုင်ခြင်း**
- **တိုက်ရိုက်ကွပ်ကဲမှုရှိသော အဖွဲ့များကို ပါဝင်ဆောင်ရွက်စေခြင်း**
- **နိုင်ငံတကာမှ အထင်ကရ လူပုဂ္ဂိုလ်များကို ချဉ်းကပ်သိမ်းသွင်းဆောင်ရွက်ခြင်း**
- **လက်ရွေးစင်များကို တာဝန်သတ်မှတ်ဆောင်ရွက်စေခြင်း**

ဆိုတဲ့လုပ်နည်းလုပ်ဟန်တွေနဲ့ အကောင်အထည်ဖော်နေတာ။ ဒီလောက် ဆိုရင် ဒီကနေ့ ပြည်တွင်း ပြည်ပက သံဖြိုင်ငြာသံပေး အော်နေတာတွေဟာ ဘာသောလဲဆိုတာကို မင်းစဉ်းစားလို့ ရနိုင်မယ်ထင်တယ်။

လက်ရွေးစင်များကို တာဝန်သတ်မှတ် ဆောင်ရွက်စေခြင်းဆိုတာနဲ့ ပတ်သက်လို့ ပြောစရာရှိလာတာက မင်းတို့ဆရာတင်ထားတဲ့ အကြမ်းမဖက် နိုင်ငံရေးအန်တုမှုဆရာကြီး Gene Sharp တို့၊ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်စစ်သံမှူးပေါင်း Col: Robert L. Helvey တို့ အကြောင်းပဲ။

Col: Robert L. Helvey ရေးသားဖြွဲ့စုခဲ့တဲ့ မဟာဗျူဟာမြောက် အကြမ်းမဖက် တိုက်ပွဲ အခြေခံအချက်အလက်များကို သုံးသပ်ခြင်း (On Strategic Nonviolent Conflict: Thinking About The Fundamentals) ဆိုတဲ့ စာအုပ်ကို မင်းဖတ်ပြီးလောက်ရောပေါ့။ မင်းတို့ အလှူယ်တကူဖတ်နိုင်အောင် Democratic Development Committee (NCGUB) က မြန်မာဘာသာပြန်ဆိုပြီး ပြည်တွင်းကို ဖြန့်ထားတယ်။ လမ်းညွှန်ချက်တွေ ပို့ပေးတဲ့သဘောပါပဲ။ ကွန်နိုင်း ဂရိုက်စ်အထိမ်းအမှတ် ရန်ပုံငွေအဖွဲ့ (Connie Grice Memorial Funds) က United States Institute of Peace (USIF) Grant SG-127-025 နဲ့အညီ ဘာသာပြန် တည်းဖြတ် ထုတ်ဝေထားတဲ့ အဲဒီစာအုပ်မှာ-

မိတ်ဆက်နိဒါန်း

- အခန်း(၁) နိုင်ငံရေးအာဏာ သဘောတရား
- အခန်း(၂) ဒေါက်တိုင်များ
- အခန်း(၃) နာခံမှု
- အခန်း(၄) အကြမ်းမဖက်တိုက်ပွဲ လုပ်ကိုင်ပုံအဆင့်များနှင့် နည်းလမ်းများ
- အခန်း(၅) ပြဿနာဖြေရှင်းခြင်း
- အခန်း(၆) မဟာဗျူဟာမြောက် အကဲဖြတ်တွက်ချက်မှု
- အခန်း(၇) စစ်ဆင်ရေး အစီအစဉ်ချရာတွင် ထည့်သွင်းစဉ်းစားရမည့်အချက်များ
- အခန်း(၈) စိတ်ဓာတ်စစ်ဆင်ရေး
- အခန်း(၉) မဟာဗျူဟာမြောက် စဉ်းစားခြင်း၏ အတွင်းသဘော
- အခန်း(၁၀) ကြောက်ရွံ့ခြင်းများ
- အခန်း(၁၁) ခေါင်းဆောင်မှု
- အခန်း(၁၂) ရောထွေးညစ်ညမ်းစေမှုများ
- အခန်း(၁၃) ပြင်ပပရိသတ်ကို သြဇာသက်ရောက်စေခြင်း
- အခန်း(၁၄) အကြေး ဆွေးနွေးမှုများနှင့်သင်တန်း

ဆိုတာတွေအပြင် နောက်ဆက်တွဲ အညွှန်းတွေလည်း ပါတယ်။ သေချာဖတ်ကြည့်လိုက်တော့မှ ဒီကနေ့ မင်းတို့လုပ်နေတာတွေ အားလုံးဟာ အဲဒီစာအုပ်ထဲက လမ်းညွှန်ချက်တွေအတိုင်း ဖြစ်နေတာကို တွေ့လိုက်ရတယ် ပေါ့ဦးထွန်းရေ။

အဲဒီစာအုပ်ရဲ့ နောက်ဆက်တွဲ(၂)မှာ အကြမ်းမဲ့ ကန့်ကွက်ဆန္ဒပြခြင်းနှင့် မိမိဘက်ပါအောင် စည်းရုံးဆွဲဆောင်သော နည်းလမ်းများဆိုပြီး ဖော်ပြထားချက်တွေထဲက စည်းကမ်းတကျ ကြေညာထုတ်ပြန်ချက်များဆိုတဲ့ ခေါင်းစဉ်အောက်မှာ-

- လူထုဟောပြောပွဲများ ပြုလုပ်ခြင်း
- ကန့်ကွက်စာများ၊ ထောက်ခံစာများ ထုတ်ပြန်ခြင်း
- အသင်းအဖွဲ့များအလိုက် ထုတ်ပြန်ကြေညာချက်များ ထုတ်ပြန်ခြင်း
- ပြည်သူလူထုက လက်မှတ်ရေးထိုးထားသော စာတမ်းများ ပေးပို့ခြင်း
- အရေးယူမည်၊ တရားစွဲမည်ဟူသော ကြေညာချက်များ ထုတ်ပြန်ခြင်း
- လူစုလူအုပ်နှင့်ချီပြီး တင်သွင်းသော အသနားခံစာများ၊ ပန်ကြားလွှာများ ထုတ်ပြန်ခြင်း

ဆိုတာတွေ ဖော်ပြထားတယ်။ နောက်တစ်ခါ လူထုအကြားဟန်အမူအရာများနှင့် သရုပ်ဖော်ခြင်းများဆိုတဲ့ ခေါင်းစဉ်အောက်မှာလည်း-

- အလံများထူခြင်း၊ စာတန်းများ ချိတ်ဆွဲကိုင်ခြင်း၊ အရောင်အသွေးများနှင့် ပြသခြင်း
- အဝတ်အစားနှင့် အမှတ်တံဆိပ်လက္ခဏာများ ပြသခြင်း
- ဆုတောင်းဝတ်ပြုပွဲများ ပြုလုပ်ခြင်း

ဆိုတာတွေ ပါနေပြန်တယ်။ လက်ရှိ မင်းတို့လုပ်နေတာတွေကို ဓောင်းရေးထားတာတော့ မဖြစ်နိုင်ဘူးထင်ပါရဲ့။

ကိုင်း ...ပေါ်ဦးထွန်း

မင်းတို့အုပ်စုကတော့ အမျိုးသားရေးအတွက် လုပ်နေတာလို့ ပြောနေပေမယ့် လက်တွေ့မှာတော့ ပြည်ပက ဆရာကြီးတွေ ခင်းပေးတဲ့လမ်းပေါ်မှာ သူတို့တီးပေးတဲ့ တီးကွက်တွေအတိုင်း လိုက်ကနေကြရတာပဲ မဟုတ်ဘူးလား။ ဒါကြောင့် မင်းတို့တစ်တွေရဲ့ လက်ရှိ လုပ်ဆောင်နေမှုတွေဟာ နိုင်ငံနဲ့လူမျိုးအတွက် လက်တွေ့ အကျိုးရှိရဲ့လား၊ ရေရှည်မှာရော ကောင်းကျိုးပြုပါ့မလား၊ တိုင်းပြည်နဲ့ ပြည်သူလူထုကို ဒုက္ခရောက်အောင် လုပ်ရာရောက်နေသလား၊ဆိုတာ မင်းတို့ သဘာဝကျကျ စဉ်းစားတွေးခေါ်သုံးသပ်ပြီး အမှန်ကိုပြင်ဖို့ နောက်မကျသေးပါဘူး၊ ပြင်မယ်ဆိုရင် အချိန်မီပါသေးတယ်။ ။

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါက်တာသန်းဦး ဒလမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း သားဖွားခန်းအတွက် သားဖွားခန်းသုံး ဆေးနှင့် ဆေးပစ္စည်းများ လှူဒါန်းစဉ်။ (မိခင်/ကလေး)

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ ကျန်းမာရေးအသိပညာပေး၊ ကွင်းဆင်းရောဂါရှာပွေ့ ကုသ

ရန်ကုန် ဇွန် ၁၃

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါက်တာသန်းဦးဆောင်သော အသင်းပိုင် ရောဂါရှာဖွေရေးဆေးခန်းမှ တာဝန်ခံဆရာဝန်များနှင့် အဖွဲ့ဝင်များသည် ဇွန် ၉ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဝင်များနှင့်အတူ ဒလမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း သားဖွားခန်းသို့ ရောက်ရှိပြီး ရူးဦးစွာ ကျန်းမာရေးအသိပညာပေးခြင်းကို ဆောင်ရွက်ရာ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များက အသိပညာပေးရခြင်းအကြောင်းရင်း၊ လုံခြုံစိတ်ချ မိခင်ဘဝနှင့် အမျိုးသမီးများ မျိုးပွားအင်္ဂါကင်ဆာအကြောင်းတို့ကို အသိပညာပေး ဆွေးနွေးကြသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်က ငွေကျပ် ၁၅သိန်း တန်ဖိုးရှိ သားဖွားခန်းသုံး ဆေးနှင့်ဆေးပစ္စည်းများကို လူဒါန်းရာ ခရိုင်ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌက လက်ခံသည်။ အဆိုပါ ကျန်းမာရေး အသိပညာပေး ဆွေးနွေးပွဲသို့ တိုင်း၊ ခရိုင်၊ မြို့နယ်၊ ကျေးရွာအသင်းဝင်များ၊ တာဝန်ရှိသူများ အပါအဝင် အမျိုးသား ၈၆ ဦး၊ အမျိုးသမီး ၁၈၂ ဦးနှင့် လူငယ်လူရွယ် ၁၂၈ ဦး စုစုပေါင်း ၃၉၆ ဦး တက်ရောက်ကြသည်။

ထို့နောက် အဆိုပါ အသင်းပိုင် သားဖွားခန်းကို အခြေပြု၍ အဖွဲ့ဝင်များဖွဲ့ကာ ကိုယ်ဝန်ဆောင် အမျိုးသမီး ၇၉ ဦးအား ကိုယ်ဝန်စမ်းသပ်ပေးခြင်း၊ ဆီးစစ်ပေးခြင်း၊ အထွေထွေ သွေးစစ်ပေးခြင်း၊ PMCT ဝိမ်ချက် အရ မိခင်မှ သန္ဓေသားသို့ HIV ရောဂါပိုး ကူးစက်မှု တားဆီးကာကွယ် ကုသမှုပေးရေးအတွက် နှစ်သိမ့်ဆွေးနွေးပေးခြင်းနှင့် သွေးဖောက်စစ်ဆေးပေးခြင်း၊ အိမ်ထောင်သည် အမျိုးသမီး ၃၉ ဦး၊ အမျိုးသမီး ၁၈၂ ဦးနှင့် လူငယ်လူရွယ် ၁၂၈ ဦး စုစုပေါင်း ၃၉၆ ဦး တက်ရောက်ကြသည်။

ဆရာဝန်များက ကိုယ်ဝန်ဆောင်ကာလ အနီးကပ် စောင့်ရှောက်ခြင်း၊ ကိုယ်ဝန်ဆောင်ကာလ ကျန်းမာရေးအတွက် ကိုယ်ဝန်ဆောင်ကာလ အန္တရာယ်ရှိသော လက္ခဏာများ၊ ကိုယ်ဝန်ဆောင်ကာလ ကျန်းမာရေးအတွက် အာဟာရပြည့်ဝစွာ စားသောက်ခြင်း၊ ကိုယ်ဝန်ဆောင်ကာလ ကျန်းမာရေးအတွက် ဆေးလိပ်၊ အရက်၊ ဆေးရွက်ကြီးများ ရှောင်ကြဉ်ခြင်း၊ ကိုယ်ဝန်ဆောင်ကာလ ကျန်းမာရေးအတွက် ဆေးခန်းသို့ ပုံမှန်သွားရောက် စစ်ဆေး

ရုလိုင်ဒုရက် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆို ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပွဲ၊ ဆေးပဒေသာပင်စိုက်ထူပွဲနှင့် သွေးလှူဒါန်းပွဲ ကျင်းပ

ရန်ကုန် ၆ နှစ် ၁၃

ရုလိုင် ၃ ရက် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ကြီးမူးကျင်းပသော ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပွဲ၊ ဆေးပဒေသာပင် စိုက်ထူလှူဒါန်းပွဲနှင့် စုဝေါင်းသွေးလှူဒါန်းပွဲ အခမ်းအနားကို ၆နှစ် ၁၁ ရက် နံနက်မိုးတွင် လသာမြို့နယ်၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကျင်းပရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေး၊ စီမံရေးရာဌာနကြီးမူး ဒေါက်တာ ဒေါ်ခင်ဆန်းနွယ်နှင့် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်မာမာဝေတို့ တက်ရောက်၍ ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးပေးကာ အထူးသန့်ရှင်းရေးဆောင်ရွက်နေမှုနှင့် စုဝေါင်း သွေးလှူဒါန်းနေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ပြင်သစ်နိုင်ငံ ပါရီမြို့ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် ကွယ်လွန်သူ ညီမ ဒေါ်ခင်သန်းအား ရည်စူး၍ အစ်ကိုဖြစ်သူ ဦးတင့်လွင် (ပါဠိဋ္ဌာနမှူး၊ ရန်ကုန်တက္ကသိုလ်)က အလှူငွေ ကျပ် တစ်သိန်း၊ ဦးတင့်လွင် (ပါဠိဋ္ဌာနမှူး၊ ရန်ကုန်တက္ကသိုလ်)၊ ဒေါ်စိန်စိန် (မော်ကွန်းထိန်း၊ ရန်ကုန်တက္ကသိုလ်)၊ ကိုဝင်းအေးမင်း၊ မသန္တာဖြိုးအောင် (ဦးမောင်မောင်စိုးလမ်းသွယ်၊ အေဝမ်းခြံ၊ ပြည်လမ်းမရမ်းကုန်း)က အလှူငွေ ကျပ် တစ်သိန်းနှစ်သောင်းအား ပြင်သစ်နိုင်ငံ သာသနာပြု ဆရာတော် ကျန်းနံသာ အရှင်နန္ဒသီရိထံ ဆက်ကပ်လှူဒါန်းစဉ်။ (ကြေးမုံ)

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် လူမှုရေးအသင်းအဖွဲ့ဝင်များ၏ စုပေါင်းသွေး လှူဒါန်းနေမှုကို သွားရောက်ကြည့်ရှု၍ သွေးလှူရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မိုးညှင်းဝိပဿနာတိုက်သစ် မဟာရံတံတိုင်း ဆောက်လုပ်ပြုပြင်ရန်အတွက် ကွယ်လွန်သူ နှစ်ဖက်မိဘများအား ရည်စူး၍ ဦးထွန်းလှ၏ (၇၃)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် ဦးထွန်းလှ–ဒေါ်ကျင်မေ မိသားစု၊ ဦးသန်းစော်–ဒေါ်လေးလေး သား ဟန်ဇော်မင်း၊ ဖြိုးဇော်မင်း မိသားစု၊ ဒေါ်အေးအေး၊ မြေး ဖြိုးအောင်စိုး မိသားစုတို့က မဟာရံတံတိုင်းသုံးခန်းအတွက် အလှူငွေကျပ် ၉၀၀၀၀၀ ကို နာယက ဆရာတော် မိုးညှင်းအရှင်ဣန္ဒကထံ ဆက်ကပ်လှူဒါန်းစဉ်။ (ကြေးမုံ)

သထုံစိုက်ပျိုးရေးသိပ္ပံ မြတ်ဆရာပူဇော်

ရန်ကုန် ၆ နှစ် ၁၃

သထုံမြို့ စိုက်ပျိုးရေးသိပ္ပံကျောင်း ပထမအကြိမ် မြတ်ဆရာပူဇော်ပွဲကို ၆နှစ် ၉ ရက် မွန်းတည့် ၁၂ နာရီက အထက်ပါ ကျောင်းခန်းမ၌ ကျင်းပရာ အပူဇော်ခံ ဆရာကြီး၊ ဆရာမကြီး ၃၂ဦးတို့အား ကျောင်းသား၊ ကျောင်းသူများက ဂါရဝပစ္စည်းများဖြင့် ပူဇော်ကန်တော့ကြသည်။ ထို့နောက် ဆရာကြီး၊ ဆရာမကြီးများ ကိုယ်စား ဆရာကြီး ဦးကြည်ဝင်းက သြဝါဒစကား ပြန်လည်ပြောကြားကြောင်း သိရသည်။

(က–ပ)

သထုံမြို့ စိုက်ပျိုးရေးသိပ္ပံကျောင်း ပထမအကြိမ် မြတ်ဆရာပူဇော်ပွဲတွင် ဆရာကြီး၊ ဆရာမကြီးများအား ကျောင်းသား၊ ကျောင်းသူများက ဂါရဝပစ္စည်းများ ပေးအပ်နမ်းတော့ကြစဉ်။ (က–ပ)

ယဉ်ကျေးလေမွာနှင့် ဝိပဿနာသင်တန်းပို့ချ

ရန်ကုန် ၆ နှစ် ၁၃

ရန်ကုန် မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် အောက်ဝါးနက်ချောင်းအုပ်စု၊ အောင်မင်္ဂလာ ဝင်ဒါမီယာလမ်း သက္ကသီဟသာသနာ့ဟိတ ပရိယတ္တိစာသင်တိုက် (ရွှေမန်းကျောင်းတိုက်)၏ အာဒိကမ္မက၊ ပဓာနနာယက၊ စာချု၊ ပခုက္ကူ ဝိပဿနာအဖွဲ့ချုပ် (မဟာရန်ကုန်) သြဝါဒါစရိယ၊ မြို့နယ်ဝိနည်းခိုရုံ၊ ဘဒ္ဒန္တ ဝဏ္ဏသိဒ္ဓိ ဆရာတော်သည် ဒုတိယဗိုလ်မှူးကြီးမြင့်ဦး–ဇနီး ဒေါ်သင်နော်ထွန်း၊ ဗိုလ်မှူးဆန်းဦးလွင်–ဇနီးဒေါ်ချိုငယ်၊ ဗိုလ်မှူးသော်မင်းထွန်း–ဇနီးမိုးမြင့်သာတို့ လျှောက်ထားမှုအရ မတ်လမှ ဧပြီလအထိ နယ်မြေခံတပ်ရင်း မိသားစုအား ယဉ်ကျေးလိမ္မာသင်တန်းနှင့် ပခုက္ကူ ဝိပဿနာ သင်တန်းတရားများ ပို့ချခဲ့ကြောင်း သိရသည်။ (က–ပ)

မြန်မာနိုင်ငံ တောင်တန်းဒေသ ဗုဒ္ဓဘာသာ သာသနာပြုအဖွဲ့ စတုပစ္စယ ကွေပဒေသာပင်အတွက် ကမာရွတ်မြို့နယ် ဟံသာမွန် အိမ်ရာနေ ဦးသီရိမောင်–ဒေါ်ခင်နှင်းထက် မိသားစုက အလှူငွေကျပ် တစ်သိန်းကို အဏ္ဍာဝါ ဓမ္မာရုံ၊ ၁၄/ခ ကြားတောရလမ်း၊ ဗဟန်းတွင် ပေးအပ်လှူဒါန်းရာ ဥဏ္ဍန္ဒ အဂ္ဂမဟာသီရိ သုခမွမဏိဇောတရေ အဏ္ဍာဝါ ဦးသန်းအောင် လက်ခံယူစဉ်။

(က–ပ)

ရွာဦးစွာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးနှင့် အဖွဲ့ဝင်များအား ရန်ကုန်ပြည်သူ့ဆေးရုံ၊ ဆေးရုံအုပ်ကြီး ဒေါက်တာ ဒေါ်နုနုသာက ရန်ကုန်ပြည်သူ့ဆေးရုံကြီး၏ ဖွဲ့စည်းပုံနှင့် ပြည်သူ့ဆေးရုံကြီးဝင်းအတွင်း ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးမည့် နေရာနှင့် သန့်ရှင်းရေး ဆောင်ရွက်မည့်နေရာများကို လုပ်ကွက်များအလိုက် ရှင်းလင်းတင်ပြသည်။

အစီအစဉ်အရ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေး၊ စီမံရေးရာဌာနကြီးမူး ဒေါက်တာ ဒေါ်ခင်ဆန်းနွယ်နှင့် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေနှင့်အဖွဲ့ဝင်များက သတ်မှတ်သည့်နေရာများတွင် ကြက်ဆူပင်များကို တပျော်တပါး စိုက်ပျိုးပေးပြီးနောက် ရန်ကုန်ပြည်သူ့ဆေးရုံကြီးဝင်း အတွင်း၊ အပြင်နှင့် အနောက်ရထားလမ်း ဝဲ၊ ယာတစ်လျှောက်တွင် ကျောက်တံတား၊ စမ်းချောင်း၊ ပန်းဘဲတန်း၊ ဗဟန်း၊ လသာ၊ ဒဂုံ၊ လမ်းမတော်၊ ကြည်မြင်တိုင်၊ လှိုင်၊ မရမ်းကုန်း၊ ဆိပ်ကမ်း၊ အလုံမြို့နယ်နှင့် ကမာရွတ်မြို့နယ်များမှ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ခရိုင်မြို့နယ်များမှ ဌာနဆိုင်ရာတာဝန်ရှိသူများ စုပေါင်း၍ လုပ်ကွက်အလိုက် အထူးသန့်ရှင်းရေး ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးသည်။

ထို့နောက် ရန်ကုန်ပြည်သူ့ဆေးရုံကြီးဝင်းအတွင်းရှိ သူနာပြုအဆောင် အစည်းအဝေးခန်းမ၌ ဆေးပဒေသာပင် စိုက်ထူလှူဒါန်းပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ မြန်မာအမျိုးသမီးရေးရာအဖွဲ့ချုပ် စီမံရေးရာဌာနကြီးမူး ဒေါက်တာဒေါ်ခင်ဆန်းနွယ်က ဆေးပဒေသာပင် စိုက်ထူလှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အလှူငွေပေးအပ်ပွဲကို ကျင်းပရာ ရွှေဂုံတိုင်အထူးကုဆေးခန်းက ငွေကျပ် သိန်းနှစ်ဆယ်၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီက ငွေကျပ်နှစ်သိန်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ငွေကျပ်နှစ်သိန်း၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝေက ငွေကျပ်နှစ်သိန်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်နယ်မိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဇနီး ဒေါက်တာ ဒေါ်ခင်ဆန်းနွယ် မိသားစုက ငွေကျပ် တစ်သိန်း၊ မိုလ်မှူးကြီး ကြည်ထွန်း(ငြိမ်း) ဒေါ်ခင်လှဝင်း မိသားစုက ငွေကျပ်နှစ်သိန်း၊ မိုလ်မှူးချုပ် စည်သူတင်ဖေ (ငြိမ်း) ဒေါ်သိန်းဆိုင် (စာရေးဆရာမကြီး မမြတ်လေး) မိသားစုက ငွေကျပ် တစ်သိန်း၊ မဟာမြိုင် အထူးကုဆေးခန်းက ငွေကျပ်ငါးသိန်း၊ ဦးရှိန်ဝင်း–ဒေါ်ခင်ချိုဦး တက်လမ်း ဆောက်လုပ်ရေးက ငွေကျပ်ငါးသိန်း၊ ဦးဇော်ဇော်–ဒေါ်ဌေးဌေးစိုင် မိသားစု Max Myanmarက ငွေကျပ်ငါးသိန်း၊ ဦးချစ်နိုင်–ဒေါ်ခင်စိုးဝေ မိသားစုက ငွေကျပ် ငါးသိန်း၊ အိုလံပစ်ဟိုတယ်က ငွေကျပ်ငါးသိန်း၊ ဒေါက်တာ ထင်ပေါ် အကယ်ဒမီ ဆေးကုခန်းက ငွေကျပ်ငါးသိန်း၊ ပါရဂူဆေးခန်းက ငွေကျပ်ငါးသိန်း၊ ဗဟိုစည်ဆေးကုခန်းက ငွေကျပ်ငါးသိန်း၊ အောင်ဇေဆေးကုခန်းကငွေကျပ် ငါးသိန်း၊ ဆာကူရာဆေးခန်းက ငွေကျပ်ငါးသိန်း၊ သျှင်ပါဂူဆေးခန်းက ငွေကျပ် ငါးသိန်း၊ ဒေါက်တာနေလင်း–ဒေါက်တာညွှန့်ညွှန့်စိန် Rose Hill ဆေးခန်းက ငွေကျပ် ငါးသိန်း၊ Green Crossက ငွေကျပ် ငါးသိန်း၊ အာရုတော်ဝင် ဆေးကုခန်းက ငွေကျပ်ငါးသိန်း၊ စန္ဒီပရဆေး မိသားစုက ငွေကျပ် သုံးသိန်း ခုနစ်ထောင်၊ ဒေါ်ခင်မြင့်မြင့် စွမ်းဆောင်ရှင်များ အသင်းဥက္ကဋ္ဌက ငွေကျပ် တစ်သိန်း၊ မြန်မာနိုင်ငံဆေးနှင့် ဆေးပစ္စည်းကုန်သည်များ လုပ်ငန်းရှင် အသင်းက ငွေကျပ် နှစ်သိန်း လေးသောင်း၊ မြောက်ဥက္ကလာဆေးခန်းနှင့် ဆေးလုပ်ငန်းရှင်များက ငွေကျပ် နှစ်သိန်း၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှု လက်မှု လုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံ ဆန်စပါး စိုက်ပျိုးထုတ်လုပ်သူများ အသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များ အသင်းက ငွေကျပ် တစ်သိန်းစီ အပါအဝင်အလှူရှင် ၉၂ဦးက လှူဒါန်းငွေနှင့်ဆေးပစ္စည်းစုစုပေါင်း ငွေကျပ် ၂၀၅၂၆၆၂၅ (ငွေကျပ်နှစ်ရာငါးသိန်းနှစ်သောင်းခြောက်ထောင်ခြောက်ရာနှစ်ဆယ့်ငါး)ကို လှူဒါန်းကြရာ ရန်ကုန်ပြည်သူ့ဆေးရုံ ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်နုနုသာ၊ တိုင်းကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ လှမြင့်နှင့် တာဝန်ရှိသူများက အလှူငွေများကို လက်ခံရယူကြပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည် ပေးအပ်ကာ ဆေးရုံအုပ်ကြီး ဒေါက်တာ ဒေါ်နုနုသာက ကျေးဇူးတင် စကား ပြန်လည် ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးနှင့် အဖွဲ့ဝင်များသည် ရန်ကုန်ပြည်သူ့ဆေးရုံကြီးဝင်းအတွင်းရှိ အမျိုးသားသွေးဌာနအဆောက်အအုံတွင် ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် ဒုတိယအကြိမ် သွေးလှူကမ်းလှမ်းရေးလှုပ်ရှားမှုအတွက် ပြင်ဆင်ရေးများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရှိရသည်။

တိုင်းမှူး ပိုလ်ချုပ်ကို ရွှေပြည်ကုန်း ကြိုဂိုဘင်း ပေါင်းမြက်ရှင်းလင်းပွဲ ကြည့်ရှု ရန်ကုန်-မန္တလေးလမ်းမပေါ် ရှိ ဆွေချောင်းတံတား တည်ဆောက်မှုလုပ်ငန်းစစ်ဆေး

ရန်ကုန် ဇွန် ၁၃

ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုသည် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဇွန် ၂ ရက်တွင် ရေတာရှည်မြို့နယ်ရှိ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၏ ရွှေပြည်ကုန်း ဘင်္ကုံနှံစိုက်ကွင်းတွင် ကြိုစိုက်ခင်း စုပေါင်းပေါင်းမြက်ရှင်းလင်းပွဲသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ရှင်းလင်းဆောင်၌ စိုက်ကွင်းတာဝန်ခံ ဒုတိယဗိုလ်မှူးကြီးပြိုးချိုက ရွှေပြည်ကုန်း ဘင်္ကုံနှံစိုက်ကွင်း၏ တည်နေရာ၊ အကျယ်အဝန်း၊ မြေအမျိုးအစား၊ ရာသီဥတုနှင့် မိုးရေချိန်၊ ဘင်္ကုံနှံသီးနှံစိုက်ကွင်းများ၊ မြေယာဖော်ထုတ်စိုက်ပျိုးမှု အခြေအနေ၊ ဘင်္ကုံနှံသီးနှံစိုက်ကွင်းအတွင်း မြေဧရိယာ ၆၁ ဒသမ ၆၂ ဧကတွင် ၂၀၀၇-၂၀၀၈ခုနှစ်အတွင်း ကြိမ်ပြီးကောင်း မျိုးသန့်များ ပုံမှန်စိုက် ၁၂ ဧကနှင့် ရေတင်စိုက် ၁၀ ဧက စုစုပေါင်း ၂၂ ဧက စိုက်ပျိုးထားရှိမှုနှင့် ဆက်လက်တိုးချဲ့ စိုက်ပျိုးသွားမည့်အစီအစဉ်များကိုလည်းကောင်း၊ ကြိုသီးနှံလုပ်ငန်းဌာန တိုင်းတာဝန်ခံ ဦးဘန်ရိန်ဂိုက တိုင်းအတွင်း ကြိုသီးနှံများ စိုက်ပျိုးထားရှိနိုင်မှု အခြေအနေများ၊ စစ်တောင်းမြစ် အရှေ့ဘက်ကမ်းတွင် ကြိုစိုက်ပျိုးရေးစီမံကိန်း ချမှတ်အကောင်အထည်ဖော်နိုင်မှု အခြေအနေများနှင့် စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ တိုင်းမှူးက မှာကြားကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဖြည့်ဆည်းဆောင်ရွက်

ထို့နောက်တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ရွှေပြည်ကုန်း ကြိသီးနှံစိုက်ကွင်းအတွင်း နယ်မြေခံတပ်နယ်မှ တပ်ထောသားမိသားစုဝင်များ၊ အမှတ် (၆) သကြားစက်ရုံမှ ဝန်ထမ်းများ စုပေါင်း၍ ကြိသီးနှံပင်များကို လယ်ယာသုံးစက်ကိရိယာများ၊ ပေါင်းမြက်ရှင်းဆေးဝါးများဖြင့် ပေါင်းမြက်ရှင်းလင်းနေမှုတို့ကို လှည့်လည် ကြည့်ရှုစစ်ဆေးကာ တိုင်းမှူးက မှာကြားချက်များကို လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့မှတစ်ဆင့် တိုင်းမှူးသည် ရေတာရှည်မြို့နယ် သာဂရကျေးရွာအုပ်စုအတွင်းရှိ ရေတာရှည် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ခြစဉ်းရိုးကြက်ဆူပင် ဧက ၁၀၀ စိုက်ကွင်းအတွင်း ကျင်းပသော ခြစဉ်းရိုးကြက်ဆူပင်စိုက်ပျိုးပွဲသို့ တက်ရောက်၍ ခြစဉ်းရိုး ကြက်ဆူပင်များကို စိုက်ပျိုးပေးသည်။

အဆိုပါ ခြစဉ်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲသို့ ပဲခူးတိုင်း မိခင်နှင့် ကလေး ဆောင်ရောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ တိုင်းမှူး၏ ဇနီး ဒေါ်စဝ်ခန့်ခွန်ဆမ်နှင့် အဖွဲ့ဝင်များ၊ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးဇေသိန်းနှင့် တိုင်း/ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မိခင်နှင့် ကလေးဆောင်ရောက်ရေး အသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှင်းဦးစွာ ယာယီရှင်းလင်းဆောင်တွင် တိုင်းမှူးအား ရေတာရှည်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်မြင့်က ခြစဉ်းရိုးကြက်ဆူပင် စိုက်ပျိုးရခြင်းနှင့် လျာထားဇနများ ပြည့်မီကျော်လွန်အောင် စိုက်ပျိုးမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ပေးအပ်

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုက ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များအား လည်းကောင်း၊ ပဲခူးတိုင်း မိခင်နှင့်ကလေး ဆောင်ရောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စဝ်ခန့်ခွန်ဆမ်က မိခင်နှင့်ကလေး ဆောင်ရောက်ရေးအသင်းဝင်များနှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များအား လည်းကောင်း ခြစဉ်းရိုးကြက်ဆူပင် မျိုးစေ့၊ မျိုးကိုင်းနှင့် ပျိုးပင်များကို ပေးအပ်ကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့် ဇနီးနှင့် အဖွဲ့ဝင်များသည် ခြစဉ်းရိုးကြက်ဆူပင် မျိုးစေ့နှင့် မျိုးကိုင်းများကို ပျိုးထောင်အိတ်အတွင်း ပျိုးထောင်ပေးကြပြီး ခြစဉ်းရိုးကြက်ဆူပျိုးပင်များကို စိုက်ပျိုးပေးကြသည်။

ယင်းနောက် တိုင်းမှူးနှင့် ဇနီးနှင့် အဖွဲ့ဝင်များသည် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ စုပေါင်း၍ ခြစဉ်းရိုးကြက်ဆူပျိုးပင် ၆၀၀၀ ကျော်ကို တပျော်တပါး စုပေါင်း စိုက်ပျိုးနေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့်ဇနီးနှင့် အဖွဲ့ဝင်များသည် ခြစဉ်းရိုး

ရေနံချောင်း အထက(၁)ကျောင်းဆောင်သစ် ဆောက်လုပ်လှူဒါန်းရေး အတွက် အလှူငွေပေးအပ်ပွဲတွင် ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကြည် အလှူငွေလက်ခံစဉ်။ (သတင်းစဉ်)

ရေနံချောင်း အထက (၁) ကျောင်းဆောင်သစ် ဆောက်လုပ်လှူဒါန်းရန် အလှူငွေပေးအပ်

ရေနံချောင်း ဇွန် ၁၃

ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိကနှင့် တပည့်ဒါယကာဒါယိကာမများက ဆရာတော် ပညာသင်ကြားခဲ့ရာဇာတိ ရေနံချောင်းမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ ပေ ၁၂၀X၃၆ ပေ၊ နှစ်ထပ် သံကွန်ကရစ်၊ စာသင်ခန်း ရှစ်ခန်းပါ ကျောင်းဆောင်သစ်တစ်ဆောင် ဆောက်လုပ်လှူဒါန်းရန် စီစဉ်ဆောင်ရွက်လျက်ရှိရာ အဆိုပါကျောင်းဆောင်သစ်အတွက် အလှူငွေပေးအပ်ပွဲကို ဇွန် ၇ ရက်တွင် အဆိုပါကျောင်း၌ ကျင်းပသည်။ အလှူငွေပေးအပ်ပွဲတွင် ဆရာတော် အရှင်ဆန္ဒာဓိကက မ,တည်ငွေ ကျပ်သိန်း ၅၀၀၊ ဦးရှိန်ဝင်း-ဒေါ်ခင်ချိုဦး (တက်လမ်းဆောက်လုပ်ရေး)က ငွေကျပ်သိန်း ၁၀၀၊အမေရိကန်နိုင်ငံ မြောက်ကာရိုလိုင်းနားနေ ဒေါက်တာမင်းသိန်းသောင်း၊ ဒေါက်တာ ဒေါ်ခင်မယ်ဝင်းမိသားစုတို့က အမေရိကန်ဒေါ်လာ ၁၀၀၀၊ "မိတ်ဆွေကောင်း"နာရေးကူညီမှုအသင်းက ငွေကျပ်တစ်သိန်း၊ ရေနံချောင်းမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ၊ ဆရာမများ၊ တပည့်များက ငွေကျပ်တစ်သိန်းတို့ကို ဆရာတော် အရှင်ဆန္ဒာဓိက ရှေ့မှောက်တွင် ပေးအပ်လှူဒါန်းကြရာ ကျောင်းဆောင်တည်ဆောက်မှုကော်မတီနာယက လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကြည်က လက်ခံကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကို ရေတာရှည်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ခြစဉ်းရိုးကြက်ဆူပင်စိုက်ပျိုးပွဲတွင် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ စုပေါင်း၍ ခြစဉ်းရိုးကြက်ဆူပျိုးပင် စုပေါင်းစိုက်ပျိုးမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ကြက်ဆူပင် စုံပြီးက ၁၀၀ စိုက်ကွင်းအတွင်း အောင်မြင်စွာ ဖြစ်ထွန်းလျက်ရှိသည့် ခြစဉ်းရိုးကြက်ဆူပင်များကို ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများက ပေါင်းမြက်ရှင်းခြင်းနှင့် မြေတောင်မွှောက်ပေးမှုလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုအားပေးကြသည်။

ရေတာရှည်မြို့နယ်တွင် ခြစဉ်းရိုးကြက်ဆူပင် စိုက်ပျိုးမှုကို ၂၀၀၆ ခုနှစ်တွင် လျာထားဇက ၆၅၀၀ ပြည့်မီအောင် စိုက်ပျိုးနိုင်ခဲ့ပြီး ၂၀၀၇ ခုနှစ် တွင်လည်း လျာထားဇက ၁၉,၈၀၀ ပြည့်မီကျော်လွန်အောင် စိုက်ပျိုးသွားမည်ဖြစ်သည်။

ရှင်းလင်းတင်ပြ

ထို့မှတစ်ဆင့် တိုင်းမှူးသည် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ရန်ကုန်-မန္တလေးလမ်းတွင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့ (၁၄)က တာဝန်ယူ ဆောင်ရွက်လျက်ရှိသည့် ဆွေချောင်းတံတား တည်ဆောက်ခြင်းလုပ်ငန်းသို့ သွားရောက် ကြည့်ရှု စစ်ဆေးရာ ရှင်းလင်းဆောင်တွင် စီမံကိန်းတာဝန်ခံ အင်ဂျင်နီယာ ဦးကျော်လင်းက စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ လုပ်ငန်းဆောင်ရွက်မှု အခြေအနေ၊ လုပ်ငန်းစီမံချက်၊ အဓိကပစ္စည်း လိုအပ်ချက် ရရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူးသည် ရှင်းလင်းဆောင်ရှေ့လုပ်မှ စီမံကိန်းလုပ်ငန်းခွင် အတွင်း စက်ယန္တရားများဖြင့် ရေလယ် တိုင် ဘိုးပိုင်နှင့် ကမ်းကပ်ခဲ့ ဘိုးပိုင် ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိရှုမျှားအား လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။



ပေးအပ်

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုက ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များအား လည်းကောင်း၊ ပဲခူးတိုင်း မိခင်နှင့်ကလေး ဆောင်ရောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စဝ်ခန့်ခွန်ဆမ်က မိခင်နှင့်ကလေး ဆောင်ရောက်ရေးအသင်းဝင်များနှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များအား လည်းကောင်း ခြစဉ်းရိုးကြက်ဆူပင် မျိုးစေ့၊ မျိုးကိုင်းနှင့် ပျိုးပင်များကို ပေးအပ်ကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့် ဇနီးနှင့် အဖွဲ့ဝင်များသည် ခြစဉ်းရိုးကြက်ဆူပင် မျိုးစေ့နှင့် မျိုးကိုင်းများကို ပျိုးထောင်အိတ်အတွင်း ပျိုးထောင်ပေးကြပြီး ခြစဉ်းရိုးကြက်ဆူပျိုးပင်များကို စိုက်ပျိုးပေးကြသည်။

ယင်းနောက် တိုင်းမှူးနှင့် ဇနီးနှင့် အဖွဲ့ဝင်များသည် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ စုပေါင်း၍ ခြစဉ်းရိုးကြက်ဆူပျိုးပင် ၆၀၀၀ ကျော်ကို တပျော်တပါး စုပေါင်း စိုက်ပျိုးနေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့်ဇနီးနှင့် အဖွဲ့ဝင်များသည် ခြစဉ်းရိုးကြက်ဆူပင် စုံပြီးက ၁၀၀ စိုက်ကွင်းအတွင်း အောင်မြင်စွာ ဖြစ်ထွန်းလျက်ရှိသည့် ခြစဉ်းရိုးကြက်ဆူပင်များကို ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများက ပေါင်းမြက်ရှင်းခြင်းနှင့် မြေတောင်မွှောက်ပေးမှုလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုအားပေးကြသည်။

ရေတာရှည်မြို့နယ်တွင် ခြစဉ်းရိုးကြက်ဆူပင် စိုက်ပျိုးမှုကို ၂၀၀၆ ခုနှစ်တွင် လျာထားဇက ၆၅၀၀ ပြည့်မီအောင် စိုက်ပျိုးနိုင်ခဲ့ပြီး ၂၀၀၇ ခုနှစ် တွင်လည်း လျာထားဇက ၁၉,၈၀၀ ပြည့်မီကျော်လွန်အောင် စိုက်ပျိုးသွားမည်ဖြစ်သည်။

ရှင်းလင်းတင်ပြ

ထို့မှတစ်ဆင့် တိုင်းမှူးသည် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ရန်ကုန်-မန္တလေးလမ်းတွင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့ (၁၄)က တာဝန်ယူ ဆောင်ရွက်လျက်ရှိသည့် ဆွေချောင်းတံတား တည်ဆောက်ခြင်းလုပ်ငန်းသို့ သွားရောက် ကြည့်ရှု စစ်ဆေးရာ ရှင်းလင်းဆောင်တွင် စီမံကိန်းတာဝန်ခံ အင်ဂျင်နီယာ ဦးကျော်လင်းက စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ လုပ်ငန်းဆောင်ရွက်မှု အခြေအနေ၊ လုပ်ငန်းစီမံချက်၊ အဓိကပစ္စည်း လိုအပ်ချက် ရရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူးသည် ရှင်းလင်းဆောင်ရှေ့လုပ်မှ စီမံကိန်းလုပ်ငန်းခွင် အတွင်း စက်ယန္တရားများဖြင့် ရေလယ် တိုင် ဘိုးပိုင်နှင့် ကမ်းကပ်ခဲ့ ဘိုးပိုင် ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိရှုမျှားအား လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ရေနံချောင်း အထက(၁)ကျောင်းဆောင်သစ် ဆောက်လုပ်လှူဒါန်းရေး အတွက် အလှူငွေပေးအပ်ပွဲတွင် ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန ညွှန်ကြား ရေးမှူးချုပ် ဦးဝင်းကြည် အလှူငွေလက်ခံစဉ်။ (သတင်းစဉ်)

ရေနံချောင်း အထက (၁) ကျောင်းဆောင်သစ် ဆောက်လုပ်လှူဒါန်းရန် အလှူငွေပေးအပ်

ရေနံချောင်း ဇွန် ၁၃

ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိကနှင့် တပည့်ဒါယကာဒါယိကာမများက ဆရာတော် ပညာသင်ကြားခဲ့ရာဇာတိ ရေနံချောင်းမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ ပေ ၁၂၀X၃၆ ပေ၊ နှစ်ထပ် သံကွန်ကရစ်၊ စာသင်ခန်း ရှစ်ခန်းပါ ကျောင်းဆောင်သစ်တစ်ဆောင် ဆောက်လုပ်လှူဒါန်းရန် စီစဉ်ဆောင်ရွက်လျက်ရှိရာ အဆိုပါကျောင်းဆောင်သစ်အတွက် အလှူငွေပေးအပ်ပွဲကို ဇွန် ၇ ရက်တွင် အဆိုပါကျောင်း၌ ကျင်းပသည်။ အလှူငွေပေးအပ်ပွဲတွင် ဆရာတော် အရှင်ဆန္ဒာဓိကက မ,တည်ငွေ ကျပ်သိန်း ၅၀၀၊ ဦးရှိန်ဝင်း-ဒေါ်ခင်ချိုဦး (တက်လမ်းဆောက်လုပ်ရေး)က ငွေကျပ်သိန်း ၁၀၀၊အမေရိကန်နိုင်ငံ မြောက်ကာရိုလိုင်းနားနေ ဒေါက်တာမင်းသိန်းသောင်း၊ ဒေါက်တာ ဒေါ်ခင်မယ်ဝင်းမိသားစုတို့က အမေရိကန်ဒေါ်လာ ၁၀၀၀၊ "မိတ်ဆွေကောင်း"နာရေးကူညီမှုအသင်းက ငွေကျပ်တစ်သိန်း၊ ရေနံချောင်းမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ၊ ဆရာမများ၊ တပည့်များက ငွေကျပ်တစ်သိန်းတို့ကို ဆရာတော် အရှင်ဆန္ဒာဓိက ရှေ့မှောက်တွင် ပေးအပ်လှူဒါန်းကြရာ ကျောင်းဆောင်တည်ဆောက်မှုကော်မတီနာယက လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကြည်က လက်ခံကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ACCA သင်ရိုးညွှန်းတမ်းအသစ်နှင့် ပတ်သက်၍ ပညာပေးဆွေးနွေးပွဲ ကျင်းပမည်

ရန်ကုန် ဇွန် ၁၃

ဒေါက်တာတင်လတ်ဦးစီးသော Management & Accountancy Training Ltd.မှ MAT သင်တန်းကျောင်းကို သိမ်ဖြူလမ်းတွင်ဖွင့်လှစ်ထားရှိပြီး အပြည့်ပြည့်ဆိုင်ရာ အသိအမှတ်ပြုစာရင်းပညာနှင့် စီမံခန့်ခွဲမှုပညာရပ်များကို သင်ကြားပို့ချလျက်ရှိသည်။ အင်္ဂလန်နိုင်ငံ အခြေစိုက် The Association of Chartered Certified Accountants (ACCA) အဖွဲ့အစည်းက မြန်မာနိုင်ငံ အပါအဝင် နိုင်ငံပေါင်း ၁၆၀ တွင် ACCA စာမေးပွဲများကို တစ်နှစ်လျှင်နှစ်ကြိမ် တစ်ပြိုင်နက်တည်း ကျင်းပပေးလျက်ရှိသည်။

ဘာသာရပ် ၁၄ ခု

ACCA စာမေးပွဲများတွင် စာရင်းကိုင်ပညာ၊ စာရင်းစစ်ပညာ၊ ဘဏ္ဍာရေးစီမံခန့်ခွဲမှုပညာ၊ အထွေထွေစီးပွားရေးစီမံခန့်ခွဲမှုပညာ၊ အပြည်ပြည်ဆိုင်ရာ ဥပဒေပညာ၊ အခွန်ပညာ၊ သတင်းအချက်အလက်ဆိုင်ရာ စီမံခန့်ခွဲမှုပညာ၊ ကုမ္ပဏီစီမံခန့်ခွဲမှုပုံဖော်ပုံ၊ နိုင်ငံတကာ စာရင်းစံများဆိုင်ရာ ဘာသာရပ်၊ တန်ဖိုးတွက်နှင့် စီမံခန့်ခွဲမှုဆိုင်ရာ စာရင်းပညာ၊ ဘဏ္ဍာရေး အစီရင်ခံစာ တင်သွင်းခြင်းဆိုင်ရာ ဘာသာရပ်နှင့် စာရင်းပညာရှင်တို့ လိုက်နာရမည့် ကျင့်ဝတ်သိက္ခာပိုင်းဆိုင်ရာ၊ ဓောင့်ထိန်းရေးဘာသာရပ် စသည့် ဘာသာရပ် ပေါင်း ၁၄ ခု ပါဝင်သည်။

ACCA သင်တန်းများအောင်မြင်ပြီး လုပ်ငန်းခွင်အတွေ့အကြုံ သုံးနှစ်ရရှိပြီး ပါက မဟာဘွဲ့နှင့်ညီမျှသော (ACCA Member) စာရင်းပညာရှင် တစ်ဦး အဖြစ် နိုင်ငံတကာ အသိအမှတ်ပြု လက်မှတ်ကို အင်္ဂလန်မှ တိုက်ရိုက် ချီးမြှင့်ပေးသည်။ မြန်မာနိုင်ငံတွင် ၁၉၇၇ခုနှစ်မှ ACCA စာမေးပွဲများကို စတင်ဖြေဆိုခဲ့ကြသည်။ ယခုအခါတွင် မြန်မာနိုင်ငံမှ ACCA အောင်မြင်ပြီးသူ ၄၀ကျော်ရှိပြီးဖြစ်ပါသည်။ ACCA လက်မှတ်ရရှိပြီးသော ပညာရှင်များသည် ပြည်တွင်းပြည်ပကုမ္ပဏီများ၊ စီးပွားရေးနှင့် စက်မှုလုပ်ငန်းများ၊ စာရင်းစစ်လုပ်ငန်းများ၏ စာရင်းစစ်နှင့် ဘဏ္ဍာရေး စီမံခန့်ခွဲမှုနယ်ပယ်တွင် အလုပ်အကိုင်အခွင့်အလမ်းများရရှိကြသည်။ ACCA သင်ရိုးညွှန်းတမ်းများကို ခေတ်နှင့်လျော်ညီစွာ လေးနှစ်တစ်ကြိမ် အပြောင်းအလဲမွမ်းမံမှုများ ပြုလုပ်လျက် ရှိသည်။ မကြာမီဖြေဆိုရမည့် December 2007 ACCA စာမေးပွဲတွင် ပြင်ဆင်ရေးဆွဲပြီးဖြစ်သည့် သင်ရိုးညွှန်းတမ်းအသစ်အတိုင်း ဖြေဆိုရမည် ဖြစ်သည်။

မြန်မာနိုင်ငံရှိ ACCA ဖြေဆိုသူများ သင်ရိုးညွှန်းတမ်းအသစ်နှင့်ပတ်သက်၍ ဗဟုသုတများရရှိစေရန် ရည်ရွယ်၍ ရှင်းလင်းဆွေးနွေးပွဲတစ်ရပ်ကို ရန်ကုန်မြို့ အလံပြဘုရားလမ်းရှိ Park Royal Hotel၌ ဇွန် ၁၇ရက် ညနေ ၄နာရီခွဲမှ ၆နာရီအထိ ဆွေးနွေးပြောကြားမည် ဖြစ်ရာ ဆွေးနွေးပွဲသို့ ACCA ကျောင်းသား၊ ကျောင်းသူများ၊ ACCA ဆရာ၊ဆရာမများနှင့် စိတ်ပါဝင်စားသူ မည်သူမဆို အခမဲ့ တက်ရောက်နိုင်ပါသည်။ ဆွေးနွေးပွဲတက်ရောက်လိုသူများသည် ဖုန်း-၂၄၂၄၃၁၊ ၃၈၅၈၉၅၊ ၂၉၆၇၈၁ တို့သို့ ဆက်သွယ်၍ စာရင်းပေးသွင်း နိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

စက်မှု(၁) အထူးဧရိယာပွဲတော် အောင်မန်း၌ဖွင့်လှစ်

တောင်ကြီး ဇွန် ၁၃

အမှတ်(၁) စက်မှုနယ်ကြီးဌာန အထူးဧရိယာပွဲတော်(အောင်မန်း)ဖွင့်ပွဲကို အောင်မန်းမြို့ သူတာရဲကွင်းအတွင်း၌ ဇွန် ၁၂ရက် နံနက် ၈နာရီတွင် ကျင်းပခဲ့ရာ အောင်မန်းတပ်နယ်မှ ဗိုလ်မှူးချုပ်သက်နိုင်နှင့် အမှတ်(၁)စက်မှုဝန်ကြီးဌာနမှ ဗိုလ်မှူးကြီးဝင်းမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။ ဖွင့်ပွဲအခမ်းအနားအပြီးတွင် တပ်နယ်မှုးနှင့် ဧည့်သည်တော်များသည် အရောင်းဆိုင်ခန်းများအား လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်းနှင့် အထူးဧရိယာပွဲတော်တွင် အမှတ်(၁)စက်မှုဝန်ကြီးဌာန လုပ်ငန်းဌာန အရောင်းဆိုင်များမှ ကုန်ပစ္စည်းဆိုင်တင် အမယ် ၃၁၇ မျိုးအား တင်ပြရောင်းချကြောင်း သိရသည်။ (က-ပ)

◆ ဝမ်းရောဂါကာကွယ်ဆေးမှ

ကာကွယ်ဆေးအသစ်မှာ ဖြန့်ချိ၍လွယ်ကူပြီး အသုံးပြုရန်လည်း အခက်အခဲမရှိကြောင်းသိရသည်။ ဝမ်းရောဂါမှာ ဗိုင်ဘရီယို ကော်ရိလာရောဂါပိုးကြောင့် ဖြစ်ပွားရသောရောဂါဖြစ်သည်။ ယင်းရောဂါပိုးပါသောရေနှင့် မသန့်သောအစားအစာများကို စားသုံးမိပါက ဝမ်းရောဂါရစေနိုင်သည်။

ဝမ်းရောဂါသည် ကမ္ဘာပေါ်၌ ချမ်းသာသောနိုင်ငံများတွင် ဖြစ်ပွားသည်ထက် ဆင်းရဲသောနိုင်ငံများ၌ ဖြစ်ပွားမှုများပြားသည်။ ဝမ်းရောဂါကာကွယ်ဆေးကဲ့သို့ အသုံးပြုနိုင်သောဆန်မှာ မျိုးဗီဇအရ ပြုပြင်ယူထားသော ဆန်ဖြစ်သည်။ ယင်းအမျိုးအစားဆန်တွင် တောက်ဆင်ဘီ ပါဝင်သည့်အတွက် ထိုဆန်ကို စားမိလျှင် ဝမ်းရောဂါကို တုံ့ပြန်ပေးသည့်ဖြစ်စဉ်ကို နှိုးဆွပေးသကဲ့သို့ဖြစ်ပြီး ကိုယ်ခန္ဓာက ပင့်ပစ္စည်းများကို ထုတ်လုပ်ပေးသည်။

ယင်းစပါးမျိုးသစ်ကို တိုက္ကျိတက္ကသိုလ်မှ မျိုးဗီဇဆိုင်ရာ သိပ္ပံပညာရှင် တိုမိုနိုရိုဒိုက္ကိက တီထွင်ဖန်တီးခြင်းဖြစ်သည်။ ဖော်ပြပါတွေ့ရှိချက်များကို အမျိုးသားသိပ္ပံအကယ်ဒမီ စာစောင်တွင် ရေးသားဖော်ပြခဲ့သည်။

အင်တာနက်။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥပဒေပညာပေးဆွေးနွေးပွဲ ကျင်းပ

ရန်ကုန် ဇွန် ၁၃

မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် စီမံရေးရာဌာနကြီးနှင့် ဥပဒေရေးရာ လေ့လာရေးနှင့် အကြံပြုရေး လုပ်ငန်းအဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သော ဥပဒေပညာပေးဆွေးနွေးပွဲကို ယနေ့နံနက် ရန်ကုန်တိုင်း သဃ်ိန်းကျွန်းဖြို့နယ် ဖြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေး၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေနှင့် အဖွဲ့ဝင်များ၊ ဥပဒေရေးရာ လေ့လာရေးနှင့် အကြံပြုရေး လုပ်ငန်းအဖွဲ့ ဒေါ်နီနီဝင်း၊ လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ ခေါင်းဆောင် ဒေါက်တာဒေါ်စန္ဒာအောင်၊ စည်းကမ်းထိန်းသိမ်းရေးဌာနကြီးမှူး ဒေါ်မြသီဂီ၊ အတွင်းရေးမှူး အဖွဲ့ဝင်များဖြစ်ကြသော ဒေါက်တာဒေါ်သက်သက်ဇင်နှင့် ဒေါ်ကြူကြူ၊ သဃ်ိန်းကျွန်းဖြို့နယ် ပြည်ထောင်စုကြွေးခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့် ကလေး စောင့်ရှောက်ရေးအဖွဲ့ဝင်များနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေဦးစွာ ဥပဒေရေးရာ လေ့လာရေးနှင့် အကြံပြုရေး လုပ်ငန်းအဖွဲ့ ခေါင်းဆောင် ဒေါ်နီနီဝင်းက အမှာစကားပြောကြားသည်။

ထို့နောက် ဥပဒေပညာပေး ဆွေးနွေးပွဲကို ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စီမံရေးရာဌာနကြီး ဒုတိယခေါင်းဆောင် ရှေ့နေချုပ်ရုံးညွှန်ကြားရေးမှူး ဒေါ်ကျင်စန်းက စည်ပင်သာယာအဖွဲ့များ ဥပဒေနှင့် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု ထိန်းချုပ်ရေး ဥပဒေ အကြောင်းကို လည်းကောင်း၊ ရန်ကုန်တိုင်း ဥပဒေရုံးမှ ဒုတိယတိုင်းဥပဒေ အရာရှိ ဒေါ်ခင်မေဒေးက လောင်းကစား ဥပဒေနှင့် မူးယစ်ဆေးဝါးဥပဒေ အကြောင်းကိုလည်းကောင်း၊ ရန်ကုန်တိုင်း ဥပဒေရုံးမှ ဒုတိယတိုင်း ဥပဒေ အရာရှိ ဒေါ်ခင်မာမာက ပြစ်မှုဆိုင်ရာ ဥပဒေအကြောင်းကို လည်းကောင်း၊ ရှေ့နေချုပ်ရုံးမှ အငြိမ်းစား ဒုတိယညွှန်ကြားရေးမှူး ဒေါ်မြင့်ဆွေက လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဥပဒေအကြောင်းသိကောင်းစရာများကို လည်းကောင်း၊ ဥပဒေပညာဌာနမှ ဒေါက်တာဒေါ်တင်မေထွန်းက မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေအကြောင်းကို လည်းကောင်း၊ ဥပဒေဌာနမှ အငြိမ်းစား ပါမောက္ခ ဒေါက်တာဒေါ်သန်းနွဲ့က ကလေးသူငယ် ဥပဒေအကြောင်းကို လည်းကောင်း ဆွေးနွေးကြရာ ဆွေးနွေးပွဲတက်ရောက်သူများက သိရှိလိုသည်များကို ပါဝင်မေးမြန်းဆွေးနွေးကြသည်။

ထို့နောက် ဥပဒေပညာဌာနမှ အငြိမ်းစား ပါမောက္ခဒေါ်သန်းနွဲ့က နိဂုံးချုပ်အမှာစကား ပြောကြားကာ ဆွေးနွေးပွဲကို ရပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥပဒေရေးရာလေ့လာရေးနှင့် အကြံပြုရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်နီနီဝင်း ဥပဒေပညာပေး ဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။ (လယ်/ဆည်)

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ကျောင်းသုံးပစ္စည်းများ ပေးအပ်လှူဒါန်း

ရန်ကုန် ဇွန် ၁၃

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါ်တင်တင်မြနှင့် အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် မင်္ဂလာတောင်ညွန့်မြို့နယ် ဓမ္မရက္ခိတ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းသို့ ကျောင်းသုံး စာရေးကိရိယာများနှင့် အလှူငွေကျပ်တစ်သိန်းတို့ကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ သာကေတမြို့နယ် ၄ဂ်ပျော်ကျွန်း ရွှေမဉ္ဇူသီလရပ်သင် (အမျိုးသမီး) ပညာရေးကျောင်းသို့ သွားရောက်ကာ ကျောင်းသုံးစာရေးကိရိယာများနှင့် အလှူငွေကျပ်တစ်သိန်း လှူဒါန်းသည်။

အခမ်းအနားများတွင် ဗဟိုအလုပ်အမှုဆောင် ဒေါ်တင်တင်မြက ကျောင်းသုံးစာရေးကိရိယာများ လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းလျှောက်ထားပြီး ဗဟိုအလုပ်အမှုဆောင် ဒေါ်တင်တင်မြ၊ ဒေါ်ခင်သန်းဝင်းနှင့် ဒေါက်တာဒေါ်ခင်မြင်းတို့က တစ်ကျောင်းလျှင် ကျောင်းသုံး ဗလာစာအုပ် ဒါဇင် ၅၀၊ ရောင်စုခဲတံ၊ ရိုးရိုးခဲတံ၊ ခဲဖျက်များနှင့် အလှူငွေကျပ် တစ်သိန်းစီ လှူဒါန်းကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါ်တင်တင်မြနှင့် အဖွဲ့ဝင်များ သာကေတမြို့နယ် ၄ဂ်ပျော်ကျွန်း ရွှေမဉ္ဇူသီလရပ်သင်(အမျိုးသမီး)ပညာရေးကျောင်းအတွက် ကျောင်းသုံးစာရေးကိရိယာများနှင့် အလှူငွေများကို ပေးအပ်လှူဒါန်းစဉ်။(မိခင်/ကလေး)

ကမ္ဘာ့သွေးလှူရှင်များနေ့ကို ဂုဏ်ပြု ကြက်ခြေနီတပ်ဖွဲ့ဝင်များ သွေးလှူဒါန်း

ရန်ကုန် ဇွန် ၁၃

ဇွန် ၁၄ရက်တွင် ကျရောက်မည့် ၂၀၀၇ခုနှစ် ကမ္ဘာ့သွေးလှူရှင်များနေ့ကို ဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းကကြီးမှူး၍ ရန်ကုန်ထောင်ပိုင်း ခရိုင် ကြက်ခြေနီတပ်ဖွဲ့မှ ဦးကျော်မြင့်အောင်ဦးစီးသည့် ခရမဲ့ဖြို့နယ် ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် စေတနာရှင်သွေးလှူရှင် စုစုပေါင်း ၄၀၀တို့သည် ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်ဖြို့ ဗဟိုအမျိုးသားသွေးလှူဘဏ်၌ စုပေါင်းသွေးလှူဒါန်းကြသည်။

အလားတူ ရန်ကုန်ဖြို့ ကြည့်မြင်တိုင်ဖြို့နယ် ကြက်ခြေနီတပ်ဖွဲ့မှ ဦးလှမြင့်ဦးစီးသည့် ကြက်ခြေနီတပ်ဖွဲ့ဝင် ၄၅ဦးတို့သည် ယနေ့မွန်းလွဲပိုင်းတွင် ဗဟိုအမျိုးသားသွေးလှူဘဏ်၌ စုပေါင်းသွေးလှူဒါန်းကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒေါပုံဖြို့နယ်ရုံးက ဇွန် ၁၂ရက်တွင် ပုသိမ်မြေရေပြင်ကွက် အလင်းရောင် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်၌ နယ်လှည့်ရုပ်ရှင်ကြည့်တိုက်၊ နံနံကပ်စာဆော၊ ဓာတ်ပုံပြပွဲနှင့် စာကြည့်တိုက် ရေရှည်ရုပ်သံနှင့်ဖွံ့ဖြိုးရေးအကြောင်း ဟောပြောပွဲကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဖြို့နယ်ဦးစီးမှူးဒေါ်အုံးညွှန့်နှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဌေးလွင်တို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (ဖြို့နယ်ပြန်/ဆက်)

မန္တလေးအသင်း(ရန်ကုန်) ဓာတ်ပုံပြပွဲပြသမည်

ရန်ကုန် ဇွန် ၁၃

မန္တလေးအသင်း(ရန်ကုန်)က ကြီးမှူး၍ မန္တလေးအသင်း(ရန်ကုန်) ဓာတ်ပုံပြပွဲကို ဇွန် ၂၄ ရက်မှ ၃၀ ရက်အထိ ရန်ကုန်ဖြို့ ကုန်သည်လမ်းရှိ မန္တလေးအသင်း(ရန်ကုန်)၏ ရုတခရုပ်ခန်းမ၌ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ခင်းကျင်းပြသမည်ဖြစ်သည်။

ဓာတ်ပုံပြပွဲတွင် ဓာတ်ပုံပညာရှင် ဦးချစ်စိန်၊ ဒေါက်တာမောင်မောင်ကြီး၊ ဦးသောင်းဦးသန်းဌေး၊ ကျော်ဝင်း(လှဂုဏ်ရည်)နှင့် မိုးကုတ်မိုးဌေးတို့ ပါဝင်သည့် ဓာတ်ပုံပညာရှင် ၁၆ ဦးတို့၏ ၁၂၀၈ လက်မအရွယ်ရှိ ရွှေချင်စဖွယ်ဓာတ်ပုံ ပေါင်း ၁၂၀ကျော်တို့ကို ပြသထားမည်ဖြစ်ရာ မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှုနိုင်ပြီး မိမိတို့ကြိုက်နှစ်သက်သည့် ဓာတ်ပုံများကို ဝယ်ယူနိုင်သည်။

လန်ခန်ဖြို့ မိုးကုတ်ပိပသနာရိပ်သာကျောင်းတော်ကြီးဖြစ်မြောက် ရေးကော်မတီ(ရွှေသီဂီရတနာမွှာရုံ) အမှတ် ၉၈၊ ရွှေဘုံသာလမ်း ပန်းဘဲတန်းဖြို့နယ်)သို့ သုဝဏ္ဏဖြို့ အင်ကြင်းဖြိုင်လမ်းရေ မီဘန့စီပါး အမှူးထား၍ သမီး ဒေါ်မိမိထွန်းက ငွေကျပ် ၁၀ သိန်း လှူဒါန်းရာ ဥက္ကဋ္ဌ မဟာသဒ္ဓမ္မဓောတိကဓဇ ဦးကျော်ခင်မြင့် လက်ခံယူစဉ်။ (က-ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၄-၆-၂၀၀၇ (ကြာသပတေးနေ့)

၇:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်		(မေတ္တာဗြူဟာအဖွဲ့၏ မေတ္တာသွေးလှူပွဲ)
၇:၀၅	အပါယ်လေးပါးလွတ်ဖို့ အရေးကြီးတယ် တရားတော် (ဆရာတော်အရှင်ပုညာနန္ဒ)	၁၀:၂၅	ထင်ရှားဖူးမြော် ကျွမ်းဖြို့မှ မြတ်စွယ်တော်
၈:၀၅	တေးဂီတအစီအစဉ်	၁၀:၅၀	ပြည်တွင်းသတင်းအကျဉ်း
၈:၁၀	**ကြွေဆိုဂျက်ပါ (မင်းထက်ကျော်စင်၊ ငွက်ပျောကြော်၊နေယံမိုးယံဇွန်၊ ဇေထူးနိုင်၊နန်းဆုရတီဝိုင်း၊ ဇင်ငင်မော်မြင့်၊ သင်ဓာဝင့်ကျော်) [ဒါရိုက်တာ-အောင်မိုး(PARIS)]**	၁၁:၀၀	တေးဂီတအစီအစဉ်
		၁၁:၀၅	သွားမယ်၊စားမယ် (Cafe Seasons Restaurant &Bar)
		၁၁:၃၀	မိုးလေဝသခန့်မှန်းချက်
		၁၁:၃၅	MRTV-4 ကျန်းမာရေးကဏ္ဍာ (သွေးလှူဒါန်းခြင်းဆိုင်ရာ သိကောင်းစရာများ) (ရန်ကုန်ဖြို့ အမျိုးသားသွေးဌာနမှ တာဝန်ခံ ဒေါက်တာသီတာအောင်နှင့်တွေ့ဆုံခြင်း)
၈:၂၀	တေးဂီတအစီအစဉ်	၁၂:၀၀	တေးဂီတအစီအစဉ်
၈:၂၅	ယနေ့သိပ္ပံနှင့်နည်းပညာ	၁၂:၀၅	နိုင်ငံတကာသတင်းအကျဉ်း
၈:၃၅	တေးဂီတအစီအစဉ်	၁၂:၁၀	သဲသောင်ပြင်ဘောလုံးပွဲ
၈:၄၀	ပိတိသုခမြတ်ဒါန	၁၂:၄၅	**ကွက်လပ်ဖြည့်ပါ (ထွန်းထွန်း၊ရဲလေး၊ သက်အောင်၊ ဖြိုးမောင်၊ မိုးပြည့်ပြည့်မောင်၊သဇင်၊ ဒေါ်တင်တင်လှ) [ဒါရိုက်တာသိန်းဟန်(ဖီးနစ်)]**
၈:၅၀	တေးဂီတအစီအစဉ်		
၈:၅၅	ကြည်ညိုမှုးမြော် ရုပ်ပစ္စက္ကိန်းတဲစေတီတော်		
၉:၀၅	ပြည်တွင်းသတင်းအကျဉ်း	၁:၅၀	သစ်သီးပင်မျိုးပွားနည်းများ
၉:၁၅	တေးဂီတအစီအစဉ်	၁:၀၀	MRTV-4 အဝိတ် Logo
၉:၂၀	ပြည်တွင်းအနုပညာရေးရာ		
၉:၅၀	တေးဂီတအစီအစဉ်		
၉:၅၅	ရွေထည်ပြုလုပ်ခြင်းအနုပညာ		
၁၀:၀၀	နိုင်ငံတကာသတင်းအကျဉ်း		
၁၀:၀၅	Yangon Panorama		

အထက်ပါ ၆ နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီ အထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ နံနက် ၇ နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄ နာရီအချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

MRTV-4 **အစီအစဉ်များကို ရန်ကုန်ဖြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တာနာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

ဒုတိယပိုလ်ချုပ်ကြီးခင်မောင်သန်း မောင်တောမြို့နယ် မိုးစပါး စုပေါင်းထွန်ယက်ပွဲနှင့် တိုက်ရိုက်အစေ့ချ ခိုက်ပျိုးပွဲအခမ်းအနားသို့တက်ရောက်၍ စပါးများ အစေ့ချခိုက်ပျိုးပေး အိမ်တိုင်ရာရောက် ကောက်သင်းကောက် ပိုလိယိုကာကွယ်ဆေးတိုက်ကျွေးခြင်းအခမ်းအနား တက်ရောက်

နေပြည်တော် ဇွန် ၁၃

ရခိုင်ပြည်နယ် မောင်တောမြို့နယ်တွင်ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်ရိန်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ တပ်မတော်အရာရှိကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် ဇွန် ၁၀ ရက် နံနက် ၇ နာရီတွင် မောင်တောမြို့နယ်ရှိ နယ်စပ်ဒေသ လူဝင်မှုစစ်ဆေးရေးကွပ်ကဲမှုဌာနချုပ် နေမျိုးခန်းမ၌ ဌာနချုပ်မှ ကွပ်ကဲရေးအရာထမ်း၊ အမှုထမ်း၊ တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ယင်းအခမ်းအနားသို့ ရှေးဦးစွာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေက ပေးအပ်သော တာဝန်များကို တိကျမှန်ကန်စွာ ထမ်းဆောင်ရေး၊ စိတ်ဓာတ်၊ စည်းကမ်း၊ စွမ်းရည်နှင့်ပြည့်စုံသည့် ဝန်ထမ်းတပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များဖြစ်လာစေရန် ခံယူချက်ဖြင့်ကြိုးပမ်း ဆောင်ရွက်နေထိုင်ကြရေး တိုက်တွန်းပြောကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက အမှာစကား ပြောကြားရာတွင် တာဝန်ရှိသူများက မိသားစုများ၏ သက်သာချောင်ချိရေးကို အလေးထားဆောင်ရွက်ပေးရေး၊ မိသားစုဝင်များ၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးကိစ္စများ ပြည့်စုံကောင်းမွန်အောင် စီမံဆောင်ရွက်ပေးရေးနှင့် တပ်ဖွဲ့ဝင်များ အချင်းချင်း အပြန်အလှန် လေးစားကြရန်နှင့် လုပ်ငန်းတာဝန်များကို အလေးထား၍ ပူးပေါင်းဆောင်ရွက်ပြီး တာဝန်များကို ကျေပွန်စွာထမ်းဆောင်သွားကြရေး တို့ကိုမှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် တပ်ဖွဲ့ဝင် မိသားစုများအတွက် ကျောင်းသုံးဗလာစာအုပ်၊ ခဲတံနှင့်အဝတ်အထည် ပစ္စည်းများကို နယ်စပ်ဒေသ လူဝင်မှုစစ်ဆေးရေးကွပ်ကဲမှု ဌာနချုပ် ကွပ်ကဲရေးမှူးထံပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူးနှင့် ဝန်ကြီးများသည် တွေ့ဆုံပွဲ တက်ရောက်လာကြသော အရာထမ်း၊ အမှုထမ်း၊ တပ်ဖွဲ့ဝင်နှင့် မိသားစုများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် အဖွဲ့ဝင်များလိုက်ပါလျက် မော်တော်ယာဉ်များဖြင့်ထွက်ခွာကြကာ မောင်တောမြို့နယ် ကျီးကန်းပြင်ကျေးရွာအုပ်စုခွဲ ကျင်းပသော မြို့နယ် ခြံစည်းရိုးကြက်ဆူ စိုက်ပျိုးပွဲသို့တက်ရောက်သည်။

ရှေးဦးစွာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မောင်တောခရိုင် မန်နေဂျာဦးသာထွန်းအေးက မောင်တောမြို့နယ်၏ ခြံစည်းရိုးကြက်ဆူ စိုက်ပျိုးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ➪

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း မောင်တောမြို့နယ် ၂၀၀၇-၂၀၀၈ ခုနှစ် မိုးစပါးစုပေါင်းထွန်ယက်ပွဲနှင့် တိုက်ရိုက်အစေ့ချစိုက်ပျိုးပွဲကို ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

အင်တာနက်ကျန်းမာရေးသတင်း

ဝမ်းရောဂါကာကွယ်ဆေးအဖြစ် အသုံးပြုနိုင်သော စပါးမျိုးသစ် သိပ္ပံပညာရှင်များတီထွင်

လန်ဒန် ဇွန် ၁၃

ဝမ်းရောဂါကာကွယ်ဆေးအဖြစ်အသုံးပြုနိုင်သော စပါးမျိုးသစ်တစ်မျိုးကို သိပ္ပံပညာရှင်များက တီထွင်နိုင်ပြီဖြစ်ကြောင်း သတင်းကဖော်ပြသည်။ သမားရိုးကျအသုံးပြုရသော ဝမ်းရောဂါကာကွယ်ဆေးမှာ ဆေးထိုးအပ်ဖြင့်ထိုးရသော ကာကွယ်ဆေးဖြစ်သော်လည်း ယခု အသစ်တီထွင်ထားသော စပါးမျိုးဖြစ်သည့် ဝမ်းရောဂါကာကွယ်ဆေးမှာ စားသုံးရသောကာကွယ်ဆေးဖြစ်သည်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ◆

NLD ပါတီ၏ လုပ်ဆောင်ချက်များသည် အမျိုးသားအကျိုးစီးပွားကို ဖော်ဆောင်မှုမရှိ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုကို ကြီးမားစွာ အနှောင့်အယှက်ပြုလျက်ရှိသဖြင့် အိမ်မဲမြို့နယ်မှ ပါတီဝင်နှစ်ဦး နုတ်ထွက်

ရန်ကုန် ဇွန် ၁၃

ဧရာဝတီတိုင်း အိမ်မဲမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော ဦးလှရှိန့်ဦးထွန်းဖြိုင်တို့သည် ဇွန် ၇ ရက်တွင် ၎င်းတို့၏ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှနုတ်ထွက်ကြောင်း နုတ်ထွက်စာရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ဌာနချုပ်နှင့် သက်ဆိုင်ရာဒေသအာဏာပိုင် အဖွဲ့အစည်းအသီးသီးတို့သို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

အိမ်မဲမြို့နယ် ပါတီခုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင် အဖွဲ့ခွဲသို့ပေးပို့သောနုတ်ထွက်လွှာတွင် NLDပါတီ၏လုပ်ဆောင်ချက်များသည် အမျိုးသားအကျိုးစီးပွားကို ဖော်ဆောင်မှုမရှိဘဲ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုကို ကြီးမားစွာ အနှောင့်အယှက်ပြုလျက်ရှိကြောင်း၊ NLDပါတီဝင်အဖြစ် ရပ်တည်နေရသည်မှာ လူထုနှင့်ကင်းကွာပြီး လူထု၏ပြစ်တင်ရှုတ်ချမှုကိုသာ ခံနေရသဖြင့် ၎င်းတို့၏သဘောဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ (သတင်းစဉ်)